# LIFT နှစ်ပတ်လည်အစီရင်ခံစာ ၂၀၁၄



## ကောက်နှုတ်ချက်များ

Livelihoods and Food Security Trust Fund

# မာတိကာ


| | |
|---|---|
| အသွင်ကူးပြောင်းရေးနှင့်ပြင်ဆင်ရေးနှစ် | ၂ |
| ရလဒ်များ | ၃ |
| ကျွန်ုပ်တို့၏လုပ်ငန်းနယ်မြေ | ၄ |
| ဤနှစ်ကိုပြန်ပြောင်းကြည့်သော် | ၆ |
| လမ်းအသစ်များ အခွင့်အလမ်းအသစ်များ | ၈ |
| တက်လှမ်း | ၉ |
| ထွက်ခွာ | ၁၀ |
| တောင့်ထား | ၁၁ |
| ရေရှည်အပြောင်းအလဲကိုဖော်ဆောင်ခြင်း | ၁၃ |
| ငွေကြေးဆိုင်ရာ လက်လှမ်းမီမှု | ၁၅ |
| အားလုံးပါဝင်စေသော တန်ဖိုးကွင်းဆက် | ၁၇ |
| လူမှုကာကွယ်စောင့်ရှောက်ရေး | ၁၉ |
| မြေယာလုပ်ပိုင်ခွင့်အာမခံ | ၂၁ |
| အာဟာရဆိုင်ရာ | ၂၃ |
| ရာသီဥတုပြောင်းလဲမှု | ၂၅ |
| ကျား/မ တန်းတူညီမျှမှု | ၂၇ |
| ဘဏ္ဍာရေးနှင့် အုပ်ချုပ်မှု | ၂၈ |



ကျေးဇူးတင်လွှာ
မြန်မာနိုင်ငံအတွင်းရှိ ထိခိုက်လွယ်မှုအမြင့်မားဆုံးနှင့် ဆင်းရဲနွမ်းပါးဆုံးလူထု၏ အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံမှုကို မြှင့်တင်ပေးရန်အတွက် ထည့်ဝင်ကူညီခဲ့ကြသော ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုအစိုးရတို့ကို ကျေးဇူးတင်ပါသည်။ အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေ (LIFT) အား ယင်းတို့ကထောက်ပံ့ကူညီခြင်းကို ကျေးဇူးတင်စွာဖြင့် မှတ်တမ်းတင်အပ်ပါသည်။ ထို့ပြင် LIFT၏ ပထမဆုံး ပုဂ္ဂလိကကဏ္ဍမှ အလှူရှင်ဖြစ်သော မစ်ဆူဘီရှီကော်ပိုရေးရှင်းကိုလည်း ကျေးဇူးတင်ပါသည်။



အသိပေးကြေညာချက်
ဤအစီအရင်ခံစာကို ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုအစိုးရတို့နှင့် မစ်ဆူဘီရှီကော်ပိုရေးရှင်းတို့၏ ငွေကြေးအထောက်အပံ့ဖြင့် ပြုစုရေးသားထားပါသည်။ ဤအစီရင်ခံစာတွင် ရေးသားဖော်ပြ ထားသော အမြင်များသည် ဥရောပသမဂ္ဂ၊ ဩစတြေးလျ၊ ဒိန်းမတ်၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွီဒင်၊ ဆွစ်ဇာလန်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စုတို့၏ အစိုးရများ နှင့် မစ်ဆူဘီရှီကော်ပိုရေးရှင်းတို့၏ တရားဝင် အမြင်များဟုမယူဆနိုင်ပါ။



မျက်နှာဖုံးဓာတ်ပုံ၊ Jacquetta Hayes/LIFT ၊ အခြားဓာတ်ပုံများ၊ Jacquetta Hayes၊ Letizia Diamante ၊ Tim Mitzman, Proximity Designs နှင့် TAG။

LIFT is managed by the United Nations Office for Project Services

UNOPS




၂၀၁၀-၁၄ကာလအတွင်း LIFTနှင့်ထိတွေ့ခဲ့သော မိသားစုအရေအတွက်* *စုစုပေါင်း

# LIFTသည် မြန်မာနိုင်ငံရှိ ဆင်းရဲငတ်မွတ်မှုနှင့်ကြုံတွေ့နေသော ကျေးလက် နေလူဦးရေကို လျှော့ချနေသည်

အသက်မွေးဝမ်းကျောင်းမှုနှင့်စားနပ်ရိက္ခာဖူလုံရေးရန်ပုံငွေသည် ၂၀၁၀ခုနှစ်မှ၍ မြန်မာနိုင်ငံရှိ လုပ်ကွက်ငယ်လယ်သမားမိသားစုများ နှင့် ကျေးလက်နေ မြေယာမဲ့ဆင်းရဲနွမ်းပါးသူများကို ဦးတည်လျက် ယင်းတို့ကို ဝင်ငွေတိုးမြှင့်စေမည့်၊ စားနပ်ရိက္ခာဖူလုံကာ အာဟာရဓာတ်ပြည့်ဝစေမည့်၊ ကောင်းမွန်စွာ နေထိုင်နိုင်စေမည့် စီမံကိန်းများကို ငွေကြေးထောက်ပံ့ပေးနေသည်။ LIFT၏စီမံကိန်းတို့သည် အဆင့်မီသီးနှံ၊ ချေးငွေနှင့်ဈေးကွက်တို့ကို လက်လှမ်းမီမှုစသည့် အခွင့်အရေးတို့ကို ဆောင်ကြဉ်းပေးရုံသာမက အခက်အခဲနှင့် အပြောင်းအလဲတို့ကိုလည်း ပို၍ ခံနိုင်ရည်ရှိစေသည်။ ဝင်ငွေတိုးတက်ခဲ့ပြီး အာဟာရနှင့်စားနပ်ရိက္ခာဖူလုံမှုလည်း ပိုမိုလာခဲ့ကြသည်။ ထို့ပြင်LIFTသည် အားလုံးပါဝင်စေသော ရေရှည်ခံသည့် မူဝါဒများကို ပေါ်ထွန်းစေရန် အထောက်အထားများကိုလည်း ပေးအပ်နေသည်။

၂၀၁၀ခုနှစ်မှစ၍ ရန်ပုံငွေ ကန်ဒေါ်လာ၂၀၆သန်းကိုစုပေါင်းကာ မြန်မာနိုင်ငံ၏ အဓိကစိုက်ပျိုး-ဂေဟဇုန်လေးခုဖြစ်သော တောင်ပေါ်ဒေသ၊ အပူပိုင်းဇုန်၊ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ကမ်းရိုးတန်းဒေသတို့တွင် စီမံကိန်း၉၀ကျော်ကို ထောက်ပံ့နေသည်။ LIFTသည် နိုင်ငံတွင်းရှိ မြို့နယ်များအားလုံး၏ ထက်ဝက်ခန့်တွင် လုပ်ငန်းများကို ထောက်ပံ့နေသည်။

LIFT၏ ထောက်ပံ့မှုသည် ဤနိုင်ငံလူဦးရေ၏ ၅%ခန့်ဖြစ်သောလူ၂.၈သန်းသို့ ရောက်ရှိခဲ့ပြီ ဖြစ်သည်။

LIFTကို အလှူရှင်သမဂ္ဂ(DC) နှင့် ရန်ပုံငွေဘုတ်အဖွဲ့ (FB)က အုပ်ချုပ်ပြီး၊ ကုလမဂ္ဂစီမံကိန်း ဝန်ဆောင်မှုရုံး(UNOPS)က စီမံခန့်ခွဲလျက်ရှိသည်။ စီမံကိန်းများ ကို LIFT၏ လုပ်ဖော်ကိုင်ဖက်များဖြစ်ကြသည့် ဒေသခံနှင့် နိုင်ငံတကာ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဘက် လူမှုအဖွဲ့အစည်းများ၊ သုတေသနနှင့်ပညာရပ်ဆိုင်ရာအဖွဲ့အစည်းများ၊ ကုလသမဂ္ဂလက်အောက်ခံ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍများမှ တစ်ဆင့် အကောင်အထည်ဖော်လျက်ရှိသည်။ မူလက ၅နှစ်တာ ရန်ပုံငွေအဖြစ် တည်ထောင်ခဲ့သော်လည်း LIFTကို နှစ်ကြိမ်တိုင်တိုင် သက်တမ်းတိုးချဲ့ခဲ့ရပြီး ဖြစ်သောကြောင့် ၂၀၁၈ခုနှစ်နှစ်ကုန်အထိ ဆက်လက်ဆောင်ရွက်ရန် မျှော်လင့်ရပါသည်။

၂၀၁၄ခုနှစ်တွင် ဩစတြေးလျ၊ ဒိန်းမတ်၊ ဥရောပသမဂ္ဂ၊ ပြင်သစ်၊ အိုင်ယာလန်၊ အီတလီ၊ နယ်သာလန်၊ နယူးဇီလန်၊ ဆွစ်ဇာလန်၊ ဆွီဒင်၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန်ပြည်ထောင်စု ဟူသော အလှူရှင် ၁၂ဦးတို့က LIFTကိုထောက်ပံ့ခဲ့သည်။ ပထမဆုံး ပုဂ္ဂလိကကဏ္ဍ အလှူရှင်ဖြစ်သော မစ်ဆူဘီရှီ ကော်ပိုရေးရှင်းသည်လည်း မကြာသေးမီက ပါဝင်လာခဲ့သည်။

# ၂၀၁၄

# အသွင်ကူးပြောင်းရေးနှင့် ပြင်ဆင်ရေးနှစ်

၂၀၁၄ခုနှစ်တွင် အသက်မွေးဝမ်းကျောင်းမှုနှင့် စားနပ်ရိက္ခာဖူလုံရေး ရန်ပုံငွေ LIFTသည် မြန်မာနိုင်ငံတွင်လုပ်ငန်းဆောင်ရွက်ခဲ့သည်မှာ ငါးနှစ်မြောက်ပြီ ဖြစ်သည့်အပြင် တိုးတက်ခဲ့သည်မှာလည်း ငါးနှစ်မြောက်ပြီ ဖြစ်သည်။ LIFT၏ရလဒ် တို့သည် ခိုင်မာနေဆဲဖြစ်ပြီး အထူးသဖြင့် စားနပ်ရိက္ခာဖူလုံရေးနှင့် ငွေကြေးဝန်ဆောင်မှု လက်လှမ်းမီရေးတို့တွင် ဖြစ်သည်


အိမ်ထောင်စုပေါင်း ၁၃၃,၀၀၀မှာ ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြသည်။ လူပေါင်း ၁.၁သန်းခန့်သည် စားနပ်ရိက္ခာပိုမိုဖူလုံလာကြသည်။ အိမ်ထောင်စု ၂၁၆,၀၀၀ကျော် သည် LIFTက ငွေကြေးထောက်ပံ့သောအသေးစားငွေချေး လုပ်ငန်းများမှ အတိုးနှုန်း သက်သာစွာဖြင့် ငွေချေးယူလာနိုင်ကြသောကြောင့် ပိုမိုစိုက်ပျိုးထုတ်လုပ်နိုင်ခဲ့ကြောင်း တင်ပြခဲ့ကြသည်။

LIFTသည် ဤအကျိုးလေးရပ်ကို ရရှိအောင် အာရုံစိုက်ဆောင်ရွက်မည်

- ကျေးလက် အိမ်ထောင်စုများ ဝင်ငွေတိုးတက်ခြင်း
- ဆင်းရဲနွမ်းပါးသော ကျေးလက်အိမ်ထောင်စုများ၏ ခြောက်ခြားရမှုများ၊ ဖိစီးမှုများ၊ အကျိုးဖြစ်ထွန်းဖွယ်မရှိသော အခြေအနေများနှင့် ရင်ဆိုင်ရပါက ကြံ့ကြံ့ခံနိုင်စွမ်း ရှိခြင်း
- အမျိုးသမီးများ၊ အမျိုးသား၊ ကလေးများ အာဟာရတိုးတက်ကောင်းမွန်ခြင်း
- ကျေးလက်ဖွံ့ဖြိုးရေးကို ဦးစားပေးသည့် မူဝါဒများနှင့် ပြည်သူ့ဘဏ္ဍာသုံးစွဲမှု တိုးတက်ကောင်းမွန်ခြင်း

မြေပြင်အခြေအနေရှိ ခိုင်မာသည့်ရလဒ်များအပြင် နိုင်ငံတော်အစိုးရသို့ မူဝါဒဆိုင်ရာ နှင့် နည်းပညာဆိုင်ရာ အကြံပေးခြင်းသည် LIFT၏ လုပ်ငန်းတွင်အရေးပါလာသည်။ LIFTသည် ယင်း၏ အသိအမြင်နှင့် အတွေ့အကြုံများကို အသုံးပြု၍ ပိုမိုကောင်းမွန် သည့်မူဝါဒများ၊ ပိုမိုထိရောက်သည့်အဖွဲ့အစည်းများ၊ ပိုကောင်းမည့် အစီအစဉ်နှင့် ရင်းနှီးမြှုပ်နှံမှုများအပေါ်တွင် သြဇာသက်ရောက်မှုရှိစေရန်၊ စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးမှု စီမံကိန်းများကို ပိုမိုကောင်းမွန်စွာဖော်ဆောင်နိုင်ရန် ဆောင်ရွက်နေသည်။ ထိုနည်းတူစွာ ဒေသခံအရပ်ဘက်အဖွဲ့အစည်းများနှင့် လက်တွဲ ဆောင်ရွက်ခြင်းသည်လည်း စနစ်အပြောင်းအလဲများ ဖြစ်ထွန်းရေးအတွက် LIFT ၏ ဆောင်ရွက်ချက်များတွင် အရေးပါသည့် ကဏ္ဍတစ်ခုဖြစ်သည်။

LIFTသည် ၎င်း၏မဟာဗျူဟာကို ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်များနှင့်လျော်ညီသော အခွင့်အလမ်းသစ်များကို အကောင်းဆုံးဖော်ဆောင်နိုင်ရန် အတွက် ပြင်ဆင်ခဲ့သည်။ အဓိကစီမံကိန်း ၃ခုကို ဆက်လက်အကောင်အထည်ဖော်သွားမည်ဖြစ်ပြီး အပူပိုင်းဇုန်စီမံကိန်း (ကန်ဒေါ်လာ၅၃သန်း)၊ မြစ်ဝကျွန်းပေါ်ဒေသ(၃)စီမံကိန်း (ကန်ဒေါ်လာသန်း၃၀)၊ တောင်တန်းဒေသစီမံကိန်း (ကန်ဒေါ်လာ၆၅သန်း)တို့ ၂၀၁၅ခုနှစ်နှစ်ဆန်းပိုင်းမှစ၍ ဆောင်ရွက်သွားမည်။ ငွေကြေးဆိုင်ရာတွင်အားလုံးပါဝင်စေမှု၊ ရွှေ့ပြောင်းသူများကို ထောက်ပံ့ခြင်းဟူသော လုပ်ကွက်အသစ်များကို ဖွင့်လှစ်ကာ ရခိုင်ပြည်နယ်ရှိ စီမံကိန်းကိုလည်း ချဲ့ထွင်သွားမည်။





LIFTကထောက်ပံ့သော ချေးငွေရရှိသည့် အိမ်ထောင်စုအရေအတွက်




LIFTက လုပ်ငန်းများဆောင်ရွက်နေသော မြို့နယ်အရေအတွက် (မြို့နယ်စုစုပေါင်း ၃၃၀မှ)

# ရလဒ်များ



၆၂၈,၅၀၀

LIFTကထိတွေ့ရောက်ရှိခဲ့သော အိမ်ထောင်စုပေါင်း၊ ၎င်းတို့၏

၃၅%

သည် ငွေကြေးနှင့်လုပ်အားဖလှယ်ခြင်းဖြင့် အလုပ်အကိုင်ရရှိခဲ့ကြသည်။



မြန်မာနိုင်ငံရှိ အသေးစားချေးငွေလုပ်ငန်း၏

၆၀% ကို LIFTကထောက်ပံ့သည်။

LIFT ရန်ပုံငွေထောက်ပံ့မှု၏

ငွေချေးသူ ၉၄% မှာ

အမျိုးသမီးများ ဖြစ်ကြသည်။




အိမ်ထောင်စုပေါင်း

၂၅၂,၀၀၀ သည်

ရိက္ခာဖူလုံမှု တစ်လထက်

ပိုကြာလာကြသည်




လူပေါင်း

၂၉၂,၀၀၀ဦးသည်

စွမ်းဆောင်ရည်သင်တန်းများ

တက်ရောက်ခဲ့သည်။



အိမ်ထောင်စုပေါင်း

၃၆,၀၀၀ သည်

သယံဇာတစီမံခန့်ခွဲရေး

လုပ်ဆောင်ချက်များတွင် ပါဝင်ခဲ့ကြသည်။



အိမ်ထောင်စုပေါင်း

၅၀,၂၀၀သည်

ပိုင်ဆိုင်မှုများ တိုးတက်လာသည်။




သင်တန်းဆင်းပြီး

လုပ်ငန်း ထူထောင်နိုင်သူ

၉၆% မှာ

အမျိုးသမီးများဖြစ်ကြသည်။




အိမ်ထောင်စုပေါင်း

၁၃၈,၀၀၀ က

ဝင်ငွေတိုးတက်လာသည်ဟု

တင်ပြကြသည်။



ရပ်ရွာအခြေပြုအဖွဲ့အစည်း

၁၁,၀၀၀ ကို

တည်ထောင်/အားမြှင့်ခဲ့သည်။

# ကျွန်ုပ်တို့၏လုပ်ငန်းနယ်မြေ

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ၊ ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသ၊ အပူပိုင်းဇုန် (စစ်ကိုင်းတိုင်းဒေသကြီး၊ မကွေးတိုင်း၊ မန္တလေးတိုင်း)၊ ကချင်၊ ကရင်၊ ချင်း၊ ရှမ်းပြည်နယ်များရှိ တောင်တန်းဒေသဟူသော စိုက်ပျိုးရေး-ဂေဟဗေဒဇုန်လေးခုတို့တွင် LIFTကဆောင်ရွက်နေသော အသက်မွေးမှု ကောင်းမွန်ရေး လမ်းကြောင်းတို့မှာ မတူညီကြပေ။

ဤဇုန်လေးခုတို့တွင် လုပ်ကွက်ငယ်လယ်သမားများနှင့် စီးပွားရေးသမားများတို့ကို စီးပွားဖြစ် စိုက်ပျိုးရေးတန်ဖိုးကွင်းဆက် အတွင်းတွင် ပေါင်းစည်းပါဝင်ရေးကို LIFTက ထောက်ပံ့နေသည်။ ထို့ပြင် ထိခိုက်အလွယ်ဆုံးဖြစ်သော ဝေးလံခေါင်ဖျားသည့်နေရာမှ လူထုထံသို့လည်း ကျေးလက်ချေးငွေများ ရောက်ရှိအောင် တိုးချဲ့ဆောင်ရွက်နေသည်။ ၂၀၁၄ခုနှစ်တွင် LIFTသည် ဤကဏ္ဍအကြောင်း ပိုမိုနားလည်စေရန်နှင့် အစီအစဉ်ရေးဆွဲရာတွင် အချက်အလက်ရယူရန် အတွက် လေ့လာမှုပေါင်း ၁၆ခုကို ဆောင်ရွက်စေခဲ့သည်။

## ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ

မိတ်ဖက်၁၃ဖွဲ့တို့သည် ဆန်စပါးတန်ဖိုးကွင်းဆက်၊ ရေလုပ်ငန်း၊ စိုက်ပျိုးရေးဖွံ့ဖြိုးမှု ဟူသောနယ်ပယ်တို့တွင် အဆင့်အသီးသီး၌ ဆောင်ရွက်နေကြရာ အဓိက အောင်မြင်မှုတို့တွင် အောက်ပါတို့လည်း ပါဝင်သည်_

- ဒေသရေမြေအလိုက် ဒဏ်ခံအထွက်ကောင်း စပါးမျိုးသစ်များကို ရွေးချယ်နိုင်ခဲ့ခြင်း
- ရေချိုရေငန်စပ်ဒေသတွင် သက်တန်းတိုစပါးမျိုးများကို ရေသေရက်တွင် ရေတင်၍စိုက်ပျိုးသည့်နည်းသစ်ကို သုံးကာ နွေစပါးစိုက်ပျိုးခြင်းဖြင့် လယ်သမားတို့ ဝင်ငွေနှစ်ဆ တိုးစေခြင်း
- စပါးလှောင်-ငွေချေးစနစ်ဖြင့် ရာသီအလိုက် စပါးဈေးအတက်အကျကို လယ်သမားတို့ အကျိုးအရှိဆုံးအသုံးပြုစေခြင်း

## အပူပိုင်းဇုန်

ဤဒေသတွင် လုပ်ငန်းဆောင်ရွက်နေကြသော မိတ်ဖက်၁၇ဖွဲ့တို့သည် ကြံ့ကြံ့ခံနိုင်စွမ်းရှိသော ဝင်ငွေကောင်းမွန်သော လူထုဖြစ်အောင် ထူထောင်ပေးနေသည်။ အောင်မြင်မှုတို့တွင် အောက်ပါတို့လည်းပါဝင်သည်_

- ရေရှားသောနေရာတို့တွင် နည်းပညာအတန်အသင့်ဖြင့် ရေပေးစနစ်များသည် ထိရောက်နိုင်ကြောင်း သက်သေပြခဲ့သည်။
- LIFT၏ စီမံချက်နယ်မြေမှ ရွာများသည် ရပ်ရွာစည်းလုံးမှု ပူးပေါင်းဆောင်ရွက်မှုတို့ ရှိလာခြင်းကြောင့် ယင်းတို့၏ ကိုယ်ပိုင်အကြံဉာဏ်ဖြင့် လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းများကို ဖြစ်ထွန်းလာစေခဲ့သည်။

## တောင်တန်းဒေသ

တီထွင်ဆန်းသစ်သော စီမံချက်တို့တွင် ပျားမွေးမြူရေး၊ ဝက်မွေးမြူရေး၊ ပုဂ္ဂလိကကဏ္ဍနှင့်မိတ်ဖက်ဆောင်ရွက်ရေး၊ လယ်ယာသစ်တောရောနှော စိုက်ပျိုးခြင်းစနစ် တို့ပါဝင်သည်။ အောင်မြင်မှုများတွင် အောက်ပါတို့လည်းပါဝင်သည်_

- ချင်းပြည်နယ်တွင် မြေယာနှင့်ရေကို ကောင်းစွာအသုံးချခြင်းဖြင့် ဝင်ငွေတိုးတက်လာကြသည်။
- ကရင်ပြည်နယ်တွင် အသက်မွေးမှုနည်းပညာ ရက်တိုသင်တန်းဆင်းများသည် လစာပိုကောင်းသော အလုပ်များကို ရလာကြသည်။


## ကမ်းရိုးတန်းဒေသ


လူမှုရေးမငြိမ်သက်မှုများရှိခဲ့သော်လည်း ရခိုင်ပြည်နယ်တွင် တက်လမ်းအစီအစဉ်သည် မှတ်သားလောက်သော တိုးတက်မှုများကို ရရှိခဲ့သည်။ အောင်မြင်မှုများတွင် အောက်ပါတို့လည်းပါဝင်သည်_

- မိခင်နှင့်၂နှစ်သားအောက် ကလေးများကို ငွေကြေးထောက်ပံ့ခြင်း၊ အာဟာရပညာပေးခြင်းဖြင့် ကျန်းမာရေးနှင့် အာဟာရကောင်းမွန်စေရန် ရှေ့ပြေးဆောင်ရွက်ရာတွင် ထိုထောက်ပံ့ငွေတို့ကို အစားအသောက် လုံလောက်ကောင်းမွန်စေရန်နှင့် ကျန်းမာရေးကိစ္စတို့တွင် အသုံးပြုကြကြောင်းတွေ့ရသည်။
- ကျေးရွာငွေစု/ချေးအသင်း ၁၆၂သင်းတို့ လုပ်ငန်းဆောင်ရွက်နေကြသည်။ အသင်းဝင် ၈၈%နှင့် ငွေချေးသူ၉၃%မှာ အမျိုးသမီးများ ဖြစ်ကြသည်။



စိုက်ပျိုးရေး-ဂေဟဇုန်အလိုက်ရန်ပုံငွေခွဲဝေမှု ၂၀၁၀-၂၀၁၄




## အညွှန်း

- ရေဝတီမြစ်ဝကျွန်းပေါ်ဒေသ
- အပူပိုင်းဇုန်
- တောင်တန်းဒေသ
- ကမ်းရိုးတန်းဒေသ

# ၂၀၁၄
# ဤနှစ်ကိုပြန်ပြောင်းကြည့်သော်



## ဇန်နဝါရီ

ရန်ကုန်တွင်ကျင်းပသော အလုပ်ရုံဆွေးနွေးပွဲ ဖြင့် LIFTသည် အရပ်ဘက်အဖွဲ့အစည်းသို့ မိမိ၏ ထောက်ပံ့မှုများ ထိရောက်မှုရှိမရှိသုံးသပ်ခဲ့သည်။ LIFT သည် ရပ်ရွာအခြေပြု အဖွဲ့အစည်း ၁၁,၀၀၀ ကို ဖြစ်ထွန်းအောင် ထောက်ပံ့ခဲ့ပြီး၊ အဖွဲ့ဝင် ၂၅၀,၀၀၀ ကိုလည်း သင်တန်းများ ပေးခဲ့သည်။

## မေ

မေလအတွင်း နှစ်ရက်ကြာကျင်းပခဲ့သော ဤအခမ်းအနားသို့ ငွေကြေးဆိုင်ရာ ကျွမ်းကျင်သူ ၁၀၀ဦး တို့ တက်ရောက်ခဲ့ပြီး လိုင်စင်ရ အသေးစားငွေကြေးအဖွဲ့အစည်းတို့၏ တာဝန်ယူမှုရှိသော ငွေကြေးလုပ်ငန်းအကြောင်းကို အသိပညာပေးနှီးဆော်ခဲ့ကြသည်။ မှျတသော ငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများဆိုင်ရာစနစ် ပေါ်ပေါက်စေရန် အတွေ့အကြုံများ သင်ခန်းစာများကို ပေးအပ်ခဲ့သည်။






## ဇူလိုင်

ရန်ပုံငွေဘုတ်အဖွဲ့ဝင်တို့သည်ကချင်သို့သွားကာ ၂၀၁၅ခုနှစ် တောင်တန်းဒေသစီမံကိန်းကို တင်ပြခဲ့သည်။ ပဋိပက္ခမှ လွတ်မြောက်လာသောဒေသရှိ နေရပ်စွန့်ခွာရွှေ့ပြောင်းခဲ့ရသူများကို မဟာဗျူဟာ အသစ်ကြောင့် ထောက်ပံ့နိုင်မည်ဖြစ်သည်။

## ဩဂုတ်

LIFT၏အိမ်ထောင်စုစစ်တမ်း ၂၀၁၃ကို နေပြည်တော်နှင့် ရန်ကုန်တွင် ထုတ်ပြန်ခဲ့သည်။ ၂၀၁၂ ခုနှစ် အခြေခံမျဉ်း စစ်တမ်းနှင့်ယှဉ်လျှင် ရိက္ခာဖူလုံမှုနှင့်ပစ္စည်းပိုင်ဆိုင်မှုတို့တွင် အကြမ်းအားဖြင့် တိုးတက်လာကြောင်း တွေ့ရပြီး LIFT၏စီမံကိန်းရွာများတွင် ပို၍ တိုးတက်သည်။






## စက်တင်ဘာ

LIFTနှင့်အပူပိုင်းဇုန်မှ မိတ်ဖက်များသည် လာမည့် အပူပိုင်းဇုန် စီမံကိန်းအတွက် ရလဒ်မူဘောင်တစ်ရပ်ချမှတ်နိုင်ရန်အတွက် လုပ်ငန်းအဖွဲ့များကို ဖွဲ့ခဲ့ကြသည်။

## အောက်တိုဘာ

အလုပ်ရုံဆွေးနွေးပွဲနှစ်ခုတွင် ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသမှ မိတ်ဖက်များသည် သင်ခန်းစာများနှင့် နည်းနာကောင်းများကိုမျှဝေခဲ့သည်။ ယင်းတို့ကို လာမည့် မြစ်ဝကျွန်းပေါ် (၃) စီမံကိန်း ရေးဆွဲရာတွင် ထည့်သွင်းသုံးစွဲမည်။



## နိုဝင်ဘာ

မွေးမြူရေး၊ ရေလုပ်ငန်း၊ ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာနနှင့် ပူးပေါင်းကာ LIFTသည် နှစ်ပတ်လည်ဖိုရမ်ကို နေပြည်တော်တွင် ကျင်းပခဲ့ပြီး အသိအမြင်နှင့် အတွေ့အကြုံတို့ကို မျှဝေခဲ့သည်။ ဤအခမ်းအနား၏ ဗီဒီယိုများကို www.youtube.com/liftfundmyanmar တွင် ရရှိနိုင်သည်။



# လမ်းအသစ်များ
# အခွင့်အလမ်းအသစ်များ

LIFTသည် မိမိ၏ဦးစားပေးဆောင်ရွက်မှုများကို နိုင်ငံတော်အစိုးရ၏ပြုပြင်ပြောင်းလဲမှုများနှင့် လိုက်လျောညီထွေဖြစ်စေရန်အတွက် ၎င်း၏မဟာဗျူဟာလမ်းညွှန်ချက်ကို ၂၀၁၄ခုနှစ်တွင် ပြန်လည်ဖွင့်ဆိုခဲ့ရာတွင် ယင်းလုပ်ငန်းစဉ်၌ မိတ်ဖက်များရော အစိုးရပါ ပါဝင်ခဲ့သည်။

LIFTသည် ဆင်းရဲနွမ်းပါးသော အိမ်ထောင်စုများကို ဆင်းရဲတွင်းမှလွတ်မြောက်စေရန် အုပ်စုအသီးသီး၏ အသက်မွေးဝမ်းကျောင်းနိုင်မှုတို့နှင့် ကိုက်ညီမည့်နည်းလမ်းများဖြင့်ထောက်ပံ့နေသည်။ ကျေးလက်နေ နွမ်းပါးသူများ၏ အဓိကဝင်ငွေရလမ်း နှင့် ဆင်းရဲတွင်းမှ လွတ်မြောက်လမ်း၂ခုမှာ စီးပွားဖြစ် အသေးစားစိုက်ပျိုးရေးလုပ်ငန်းနှင့် လယ်ယာပြင်ပအလုပ်အကိုင်နှင့် အသေးစားစီးပွားရေး လုပ်ငန်းတို့ဖြစ်ကြောင်းကိုလည်း အသိအမှတ်ပြုထားပြီး LIFTသည် အောက်ပါအတိုင်း ကူညီသွားမည်_

လယ်မြေ၊ လုပ်အားစသော စီးပွားဖြစ်နိုင်စွမ်းများကို ပိုင်ဆိုင်သည့် ကျေးလက်အိမ်ထောင်စုများကို 'တက်လှမ်း'နိုင်အောင် ကူညီပါမည်။ လုပ်အားနှင့် ထုတ်လုပ်နိုင်စွမ်းကိုသာမက ထုတ်ကုန်ကို ဈေးကွက်သို့ တင်ပို့နိုင်စွမ်းကိုပါ မြှင့်တင်ပေးခြင်းဖြင့် ဆင်းရဲမွဲတေမှုမှ လွန်မြောက်ကာ အဆင့်ဆင့် တက်လှမ်းသွားနိုင်ကြပါမည်။

တက်လှမ်း

ကျေးလက်အိမ်ထောင်စုများ၊ အိမ်ထောင်စုဝင်များကို စိုက်ပျိုးရေးမှ ထွက်ခွာနိုင်အောင် ကူညီပါမည်။ ဒေသအတွင်းရှိ လယ်ယာလုပ်ငန်းမဟုတ်သော ဝင်ငွေကောင်းသည့်အလုပ်ကိုင်များကို ရှာဖွေရန် ဒေသတွင်းထွက်ခွာခြင်းလည်း ဖြစ်နိုင်သကဲ့သို့ အခြားဒေသများရှိ အလုပ်အကိုင်အခွင့်အလမ်းများထံ သို့ ရွှေ့ပြောင်းထွက်ခွာခြင်းလည်း ဖြစ်နိုင်သည်။


ထွက်ခွာ

စီးပွားဖြစ်နိုင်စွမ်းများကို မပိုင်ဆိုင်သည့် သို့မဟုတ် ထွက်ခွာနိုင်စွမ်းမရှိသည့် အိမ်ထောင်စုများကို တောင့်ထားနိုင်ရန် ကူညီပါမည်။ မြန်မာ့ စီးပွားရေး အသွင်ကူးပြောင်းဆဲကာလတွင် စိုက်ပျိုးရေးကို သက်စောင့်ပိုက်ကွန်အဖြစ် အသုံးပြုကာ ရိက္ခာဖူလုံစေရန်နှင့် အာဟာရပြည့်ဝစေရန် ဖြစ်သည်။

တောင့်ထား

မဟာဗျူဟာအသစ်သည် ကြံ့ကြံ့ခံနိုင်သည့်စွမ်းရည်တိုးတက်မှု၊ အဟာရကောင်းမွန်မှုနှင့် ရာသီဥတုအပြောင်းအလဲကို လိုက်လျောညီထွေရှိမှုတို့ကို ပြတ်သားစွာ ဦးစားပေးသည်။ ပဋိပက္ခမှလွတ်မြောက်လာသော နိုင်ငံတွင်းရွှေ့ပြောင်းခံရသူတို့ ရှိနေသည့် နယ်မြေများတွင် လုပ်ငန်းဆောင်ရွက်နိုင်စေသည်။ ထို့ပြင် ပုဂ္ဂလိကအခန်းကဏ္ဍနှင့်လည်း ပိုမိုထိတွေ့ဆက်ဆံပြီး ရလဒ်ကောင်းများကျယ်ကျယ်ပြန့်ပြန့်ရရှိကာ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း အလေးထားသည်။

## လယ်သမားများနှင့် မြေယာမဲ့များ၏ ကွဲပြားသော အသက်မွေးမှု မဟာဗျူဟာများ



# တက်လှမ်း

## စီးပွားဖြစ်ကုန်ထုတ်လုပ်ငန်းသို့ - မြို့ချောင်းရွာမှ ပန်းစိုက်သူများ



"အရင်ကဆို တစ်ယောက်နှင့်တစ်ယောက် အသွားလာတောင် သိပ်မရှိကြဘူး ခုဆို တစ်ဖွဲ့တည်းမှာ ဝိုင်းလုပ်နေကြပြီ"

*LIFTသည် လယ်မြေလုပ်အားစသော စီးပွားဖြစ်နိုင်စွမ်းများကို ပိုင်ဆိုင်သည့် ကျေးလက်အိမ်ထောင်စုများကို ၎င်းတို့၏ ထုတ်လုပ်နိုင်စွမ်းကိုသာမက ထုတ်ကုန်ကို ဈေးကွက်သို့တင်ပို့နိုင်စွမ်းကိုပါမြှင့်တင်ပေးပြီး 'တက်လှမ်း' နိုင်အောင် ကူညီပါမည်။*

*ActionAid/Thadarမဟာမိတ်အဖွဲ့၏ ရောဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် အသက်မွေးဝမ်းကျောင်းမှုစနစ်များအတွက် ဒေသခံ စွမ်းဆောင်ရည်ကိုတည်ဆောက်ခြင်းစီမံချက်သည် လုပ်ကွက်ငယ်လယ်သမားများကို ယင်းတို့၏ စီးပွားဖြစ်နိုင်စွမ်းများနှင့် ဈေးကွက် သို့ချိတ်ဆက်နိုင်စွမ်းများကို တိုးတက်စေခြင်းဖြင့် 'တက်လှမ်း'နိုင်အောင် ကူညီနေသည်။ အထူးသဖြင့် မြို့ချောင်း ကျေးရွာလူထုသည် ဤစီမံချက်၏အကျိုးကြောင့် စီးပွားရေးအရရော လူမှုရေးအရပါ အောင်မြင်လျက်ရှိသည်။*

*မြန်မာနစ်ခြင်းအသင်းတော်ချုပ်(MBCU)၏လမ်းညွှန်မှုဖြင့် ရွာသားများသည် ကိုယ်ပိုင်စီးပွားရေးစီမံချက်ကို ရေးဆွဲကာ မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် ဝယ်လိုအားကောင်းနေသော ဇော်စိမ်းပန်းများကို စိုက်ပျိုးရောင်းချခဲ့သည်။ ဤစီမံချက်သည် စိုက်ခင်းပြုပြင်ချိန်တွင် ငွေကြေးထောက်ပံ့ခဲ့သည့်အပြင် စိုက်ပျိုးခြင်း၊ ထုပ်ပိုးခြင်းဆိုင်ရာ နည်းပညာများကိုလည်း သင်တန်းပေးခဲ့သည်။*

*လစဉ်အစည်းအဝေးများကျင်းပကာ အကြံဉာဏ်များ အတွေ့အကြုံများကို ဖလှယ်ကြသည့်အပြင် လူ၃ယောက်/ ၄ယောက်ပါ အုပ်စုများဖြင့် ရန်ကုန်ဈေးကွက်များသို့ သွားရောက်ကြည့်ရှုကြသည်။ ဤရွာ၏ လစဉ်ပျမ်းမျှဝင်ငွေမှာ ကျပ်၉၀၀၀၀မှ ၁၀၀၀၀၀(ကန်ဒေါ်လာ၈၅မှ ၉၅)ထိ ရှိသည်။ ဝင်ငွေများကို ချေးငွေပြန်ဆပ်ခြင်း၊ ကျေးရွာတွင်း ပြုပြင်မွမ်းမံခြင်း၊ (ကွန်ကရစ်တံတား တစ်ခုနှင့် အိမ်အမိုးပြုပြင်ခြင်းများ) မြေဝယ်ခြင်း၊ ဆေးဝါးကုသခြင်းတို့တွင် သုံးစွဲခဲ့ကြသည်။ ဤလုပ်ဆောင်မှုများသည် ယခင်က ဝင်ငွေရလမ်းနည်းပါးခဲ့သည့် အမျိုးသမီးများကို အထူးသဖြင့် အကျိုးရှိစေသည်။ ယခင်ကမူ ပျံကျလယ်ယာလုပ်သားအလုပ်ကို အမျိုးသားများသာ ရခဲ့ကြသည်။ အလုပ်အကိုင် အခွင့်အလမ်းများကို ဖန်တီးနိုင်ခဲ့သဖြင့် အနီးအနားရွာများကလည်း ဤစီးပွားရေးစီမံချက်ကို လိုက်နာဆောင်ရွက်နေကြသည်။*

*အိမ်ထောင်စုတိုင်းသည် တစ်လလျှင် ကျပ် ၅၀၀ ကို လူမှုရေးရန်ပုံငွေအဖြစ် ထည့်ဝင်ကြသည်။ ဤရန်ပုံငွေ၏ အကျိုးကျေးဇူးကို ပထမဆုံးတွေ့မြင်ခဲ့ရသူမှာ လူမှုကာကွယ်စောင့်ရှောက်ရေးအုပ်စုခေါင်းဆောင် ဒေါ်သိန်းဆွေ ဖြစ်သည်။ ကလေးပြောင်းပြန်အနေအထားဖြစ်ပြီး အရေးပေါ်မီးဖွားရန်အခြေအနေကြုံတွေ့ရသည့် သူ့အိမ်နီးချင်းအမျိုးသမီး မီးဖွားရာတွင် ဆေးရုံသို့ အရေးပေါ်ပို့ဆောင်ရန်အတွက် ဤရန်ပုံငွေမှ အတိုးမဲ့ထုတ်ချေးပြီး ကူညီနိုင်ခဲ့သည်။*

# ထွက်ခွာ

## ပုံကျလယ်ယာလုပ်သားဘဝမှ ထွက်ခွာနိုင်ရန် ကူညီခြင်း



"အရင်ကထက် ဝင်ငွေပိုကောင်းလာတယ်၊ ကိုယ့်အိမ်ကိုယ့်ယာမှာပဲ
အေးအေးဆေးဆေး အလုပ်လုပ်နိုင်တယ်"

*ကျေးလက်ရှိအိမ်ထောင်စုများ၊ အိမ်ထောင်စုဝင်များကို စိုက်ပျိုးရေးမှထွက်ခွာနိုင်အောင် ကူညီပါမည်။ ဒေသအတွင်းရှိ လယ်ယာလုပ်ငန်းမဟုတ်သော ဝင်ငွေကောင်းသည့်အလုပ်အကိုင်များကိုရှာဖွေရန် ဒေသတွင်းထွက်ခွာခြင်းလည်းဖြစ်နိုင်သကဲ့သို့ အခြားဒေသရှိ အလုပ်အကိုင်အခွင့်အလမ်းများထံသို့ ရွှေ့ပြောင်းထွက်ခွာခြင်းလည်း ဖြစ်နိုင်သည်။*

*ဦးမောင်ထွန်းသည် ကလေးဘဝက စက်ချုပ်နေသောမိခင်၏ပေါင်ပေါ်တွင်ထိုင်နေရင်း တစ်နေ့တွင် သူလည်း စက်ချုပ်သမား ဖြစ်ရမည်ဟု မျှော်လင့်နေခဲ့သည်။ သို့သော် သူ့မိဘများမှာ သူ၁၀နှစ်မတိုင်ခင်ကတည်းက ကွယ်လွန်သွားသဖြင့် အသက်၄၅နှစ်ကျော်သည်အထိ ကျပန်းလယ်လုပ်သားတစ်ဦးအဖြစ်ဖြင့် တစ်နေ့လျှင် ကျပ်၁၀၀၀ခန့် လုပ်ခဖြင့် လုပ်ကိုင်နေခဲ့သည်။ မသန်စွမ်းသူတစ်ဦးဖြစ်သော ဦးမောင်ထွန်းအဖို့ များစွာပင်ပန်းလှသည်။*

*မသန်စွမ်းသူများဖွံ့ဖြိုးရေးအဖွဲ့(DPDO) သူတို့ရွာသို့ရောက်ရှိသောအခါ တစ်ပတ်ရစ်အပ်ချုပ်စက်တစ်လုံးကို ဝယ်ယူရန်အတွက် ငွေကျပ် ၈၀၀၀၀ ကို ချေးယူခွင့်ပြုရန် လျှောက်ထားခဲ့သည်။ ဦးမောင်ထွန်းသည် စက်ချုပ်ပညာကိုတတ်မြောက်အောင် ကြိုးစားအားထုတ်ခဲ့သဖြင့် ဖောက်သည်များ ရရှိလာခဲ့သည်။ သူ့သတင်းမှာ ပတ်ဝန်းကျင်ရွာများသို့ပင် ပျံ့နှံ့သွားပြီး ချေးငွေကိုလည်း ၈လအတွင်း ပြန်ဆပ်နိုင်ခဲ့သည်။ ယခုအခါ သူသည် တစ်နေ့လျှင် ကျပ်၂၀၀၀ခန့် ဝင်ငွေကို သူ့အိမ်တွင် အေးအေးဆေးဆေးနေထိုင်ရင်း ရရှိနေပြီဖြစ်သည်။*

*DPDOသည် မသန်စွမ်းသူများရှိသည့် မိသားစုများအတွက် သီးခြားအသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ထူထောင်ပေးလျက်ရှိသည်။ ယင်းတို့မှာ အိမ်ခြံတွင်းဟင်းသီးဟင်းရွက်စိုက်ခင်းများ၊ တိရစ္ဆာန်မွေးမြူရေးလုပ်ငန်းများ စသည်တို့ဖြစ်သည်။ ထို့ပြင် စာရင်းအင်းထိန်းသိမ်းနည်း၊ လက်မှုပညာ၊ စိုက်နည်းပျိုးနည်းများကိုပါ လေ့ကျင့်ပေးသည်။ နောက်ပိုင်းတွင် ဤအိမ်ထောင်စုများသည် ကိုယ်ထူကိုယ်ထငွေစုအဖွဲ့များကို ထူထောင်လာကြသည်။ မတည်ရင်းနှီးငွေကို ဤစီမံချက်က ထုတ်ပေးပြီး အသင်းဝင်များက ၃လ သို့မဟုတ် ၈လ သက်တမ်းပြည့်မြောက်ချိန်တွင် ချေးငွေ ကျပ်၃၀,၀၀၀မှ ၁၀၀,၀၀၀(ကန်ဒေါ်လာ ၂၈မှ ၉၅ခန့်)ကို ပြန်လည်ပေးဆပ်ရသည်။ တစ်လလျှင် ၂%အတိုးသည် ကျေးရွာမှ ငွေချေးသူများ၏ ၈%အတိုးထက် များစွာသက်သာသည်။*

*DPDOသည် LIFT၏ အခြားလုပ်ဖော်ကိုင်ဖက်များဖြစ်သော HelpAge၊ Action Aid၊ SPPRGတို့နှင့်အတူ ဒေသနှင့် အမျိုးသားအဆင့်တွင် လူမှုရေးကာကွယ်စောင့်ရှောက်ရေးကို တိုးမြှင့်လုပ်ဆောင်လျက်ရှိပြီး မသန်စွမ်းသူများရှိသည့် မိသားစု၈၀၀၀ထံသို့ ရောက်ရှိ အကူအညီပေးနေကြပြီ ဖြစ်သည်။*

# တောင့်ထား

## ထိခိုက်အလွယ်ဆုံးသူကို စိုက်ပျိုးရေးအကူအညီဖြင့် ထောက်ကူခြင်း



"စီမံချက်ကကူညီလို့ ခုတော့ မြေဝယ်ဖို့ ငွေစုနေတယ်"

*LIFTသည် စီးပွားဖြစ်နိုင်စွမ်းများကို မပိုင်ဆိုင်သည့် သို့မဟုတ် ထွက်ခွာနိုင်စွမ်းမရှိသည့် အိမ်ထောင်စုများကို တောင့်ထားနိုင်ရန် ကူညီပါမည်။ မြန်မာ့စီးပွားရေးအသွင်ကူးပြောင်းဆဲကာလတွင် စိုက်ပျိုးရေးကို သက်စောင့်ပိုက်ကွန်အဖြစ် အသုံးပြုကာ ရိက္ခာဖူလုံစေမည်၊ အာဟာရပြည့်ဝစေမည် ဖြစ်သည်။*

*ရခိုင်ပြည်နယ်တောင်ပိုင်းရှိ MERN၏ ရခိုင်ပြည်နယ် ကမ်းရိုးတန်းဒေသ အသက်မွေးဝမ်းကျောင်းမှုနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပိုင်ဆိုင်မှုများ ပြန်လည်အသက်သွင်းခြင်း စီမံချက်တွင် မပါဝင်မီကဆိုလျှင် မခင်ယမုံကျော်နှင့် သူ့ခင်ပွန်းတို့သည် ရွာတွင် အဆင်းရဲဆုံး ဖြစ်ကြသည်။ မြေယာမဲ့ လယ်လုပ်သားများဖြစ်ကြပြီး နေ့တိုင်းအလုပ်မရှိကြဘဲ ရှိသောနေ့တွင်လည်း ကျပ်၁၀၀၀ခန့်သာ ဝင်ငွေရှိကြသည်။*

*စပါးစိုက်ရန်အတွက် လိုအပ်သောရေနှင့် သွင်းအားစုတို့ကြောင့် ကျေးရွာ၏အရင်းအမြစ်တို့ ကုန်ခမ်းလှသဖြင့် စပါးအစားထိုးစိုက်ပျိုးရေးကို လှုံ့ဆော်ရန် အတွက် ကျေးရွာတွင် သရုပ်ပြသီးနှံခင်းတစ်ခုကို ဤစီမံချက်က ထူထောင်ပေးလာသောအခါတွင် သူတို့ဘဝ ပြောင်းလဲသွားသည်။ သရုပ်ပြခရမ်းချဉ်ခင်းကို တာဝန်ယူရန် ရွာသားများက မခင်ယမုံကျော်ကိုရွေးချယ်သဖြင့် စနစ်တကျစိုက်ပျိုးနည်းနှင့် မြေဩဇာ မှန်ကန်စွာသုံးစွဲနည်း သင်တန်းများကို တက်ခဲ့ရသည်။ တတ်မြောက်လာသောကျွမ်းကျင်မှုတို့ကို အသုံးချပြီး အလုပ်ကြိုးစားမှုကြောင့် သူ့စိုက်ခင်းမှာ အောင်မြင်လှသဖြင့် ရွာကပင် နမူနာယူစရာ ဖြစ်လာသည်။ သူ့တွင် ပုံမှန်ဝင်ငွေရှိလာကြောင်းမြင်ရသဖြင့် အခြားသူများလည်း အားကျကာ ပါဝင်လုပ်ဆောင်လာကြသည်။*

*စိုက်ခင်းမှရသောငွေဖြင့် သူသည် ကွမ်းခြံ တစ်ခုကို ထူထောင်ကာ နွားတစ်ကောင်နှင့် ဝက်တစ်ကောင်ကို ဝယ်ခဲ့သည်။ ဝက်ကို အသားတိုးအောင်မွေးပြီး ပြန်ရောင်းသော အခါ ကျပ် ၂၅၀,၀၀၀(ကန်ဒေါ်လာ ၂၅၀ခန့်) ရရှိသဖြင့် ဝက်ပေါက်၂ကောင်ကို ထပ်ဝယ်ခဲ့သည်။*

*"မိုးရာသီမှာ လယ်တစ်ခင်းကို နွားငှားလိုက်တာ စပါးအိတ် ၂၀ရတယ်"ဟု သူကပြောသည်။ "ကွမ်းခြံစိုက်တဲ့မြေက ကျွန်မမြေမဟုတ်ဘူး၊ ဒါပေမယ့် ရွာကော်မတီက အချိန်ပိုင်းနဲ့ပေးစိုက်ထားတာ၊ စီမံချက်က ကူညီလို့ ခုတော့မြေဝယ်ဖို့ငွေစုနေတယ်"*

*မခင်ယမုံကျော်အကြောင်းဗီဒီယိုကို www.youtube/liftfundmyanmarတွင်ကြည့်ရှုနိုင်သည်။*



LIFTသည် ဆင်းရဲသူများ အကျိုးဖြစ်ထွန်းစေမည့် မူဝါဒများ ပေါ်ထွန်းစေရန် အတွက် လှေ့လာမှုများကို ပြုလုပ်စေလျက်ရှိသည်။

# သုတေသနနှင့် အတွေ့အကြုံကို အသုံးပြုကာ ရေရှည်အပြောင်းအလဲကိုဖော်ဆောင်ခြင်း

ကျေးလက်နေ ဆင်းရဲနွမ်းပါးသူများ၏ ဘဝကိုလည်းကောင်း၊ ကြီးပွားတိုးတက်စေမည့် မူဝါဒများကိုလည်းကောင်း ထောက်ပံ့ရန်အတွက် LIFTသည် အထောက်အထားများကို တက်ကြွစွာ စုဆောင်းလျက်ရှိသည်။ LIFT၏စာကြည့်တိုက်တွင် ရှိသော လေ့လာမှုနှင့်စစ်တမ်းအစီရင်ခံစာ အစောင် ၇၀ တို့ကို မူဝါဒစဉ်းစားရာတွင်၊ စီမံကိန်းပုံစံရေးဆွဲရာတွင်၊ ရုတ်ခြည်း ပြောင်းလဲနေသော နောက်ခံအခြေအနေတို့ကို ပိုမိုနားလည်စေရန်တို့တွင် အသုံးပြုနေသည်။

၂၀၁၄ခုနှစ်တွင် LIFTသည် မွေးမြူရေးဝန်ကြီးဌာန၏ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် အကြံပေးပုဂ္ဂိုလ်နှစ်ဦးကို ခန့်ထားပေးပြီး မဟာဗျူဟာ မူဘောင်နှင့် အကောင်အထည်ဖော်မည့် လုပ်ငန်းစီမံချက်တို့ကို ရေးဆွဲရာတွင်  ကူညီခဲ့ပါသည်။ ဌာန၏စွမ်းဆောင်ရည် ဖွံ့ဖြိုးမှုအစီအစဉ်နှင့် မြို့နယ်နှင့်ကျေးရွာဆင့်တို့၌ စွမ်းဆောင်ရည်မြှင့်တင်ရေးစီမံချက်ကို ရေးဆွဲရန် LIFTကကူညီခဲ့သည်။ LIFTသည် အမျိုးသားအဆင့်စိုက်ပျိုးရေးလုပ်ငန်းစီမံချက် (NAPA) ကို ရေးဆွဲရန်အတွက်လည်း ဆောင်ရွက်ပေးခဲ့သည်။

စနစ်အပြောင်းအလဲ၏ မည်သည့်နယ်ပယ်၌ သက်ရောက်မှုရှိအောင် ဆောင်ရွက်နိုင်မည်ကို မဟာဗျူဟာအသစ်တွင်   တိကျစွာ ပြဌာန်းထားသည်။ အစိုးရနှင့်သော်လည်းကောင်း၊ စွမ်းဆောင်နိုင်သော မိတ်ဖက်ကွန်ရက်နှင့်သော်လည်းကောင်း လက်တွဲ လုပ်ဆောင်ခြင်းဖြင့် ခိုင်မာသောတိုးတက်မှုများကို ၂၀၁၄ခုနှစ်အတွင်းက ရရှိခဲ့သည်။

## ဦးတည်သော နယ်ပယ်များ

၁။ ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်မှု
၂။ အားလုံးပါဝင်သော တန်ဖိုးကွင်းဆက်/ဈေးကွက်စနစ် ထွန်းကားမှု
၃။ လူမှုကာကွယ်စောင့်ရှောက်ရေး
၄။ မြေယာလုပ်ပိုင်ခွင့်အာမခံ
၅။ အာဟာရဆိုင်ရာ
၆။ ရာသီဥတုအပြောင်းအလဲနှင့် လိုက်လျောညီထွေဖြစ်မှု
၇။ ကျားမရေးရာတန်းတူညီမျှမှု



LIFTသည် မြန်မာနိုင်ငံတွင်
အသေးစားငွေကြေးဈေးကွက်
ဖြစ်ထွန်းရေးအတွက်
ထောက်ပံ့ပေးနေသည်။

# ၁။ ငွေကြေးဆိုင်ရာတွင် လက်လှမ်းမီမှု

ငွေကြေးဆိုင်ရာဝန်ဆောင်မှုတို့ကို လက်လှမ်းမီခြင်း၊ မမီခြင်းတို့၏ ကွာဟမှုသည် မြန်မာနိုင်ငံတွင် အကြီးမားဆုံးနှင့် အဖိစီးဆုံးသော ဖွံ့ဖြိုးရေးဆိုင်ရာ စိန်ခေါ်မှုကြီးပင်ဖြစ်သည်။ ဝန်ဆောင်မှု မရသေးသော သို့မဟုတ် ရသင့်သလောက် မရသေးသော ဈေးကွက်အစိတ်အပိုင်းကို ငွေကြေးဆိုင်ရာတွင် ပို၍ လက်လှမ်းမီအောင် ဆောင်ရွက်ခြင်းသည် ကျေးလက်နေ အိမ်ထောင်စုတို့ ထံသို့ စီးပွားရေးအခွင့်အလမ်းတို့ကို ပို၍တိုးချဲ့ပေးခြင်းပင် ဖြစ်ရုံသာမက မြန်မာ့စီးပွားရေးကို စီးပွားရေးရော လူမှုရေးပါ ပို၍ အကျိုးကျေးဇူးရှိစေခြင်းလည်း ဖြစ်သည်။ လက်ရှိ အခြေအနေတွင် မြန်မာနိုင်ငံရှိ အရွယ်ရောက်ပြီးသူ ၃၃သန်း၏ ၈၃%မှာ ဘဏ်စာရင်းမရှိကြပေ။ အကြွေးသည် GDP၏ ၅%ရှိပြီး အပ်ငွေမှာ ၁၃%သာ ရှိနေသည် (ကမ္ဘာ့ဘဏ် ၂၀၁၃)။ ယင်းကို ကမ္ဘောဒီးယား (၃၄%နှင့်၄၀%) လောပြည်သူ့သမ္မတနိုင်ငံ (၂၅%နှင့်၃၁%)တို့နှင့် ယှဉ်ကြည့်နိုင်သည်။

LIFTသည် ငွေကြေးဆိုင်ရာတွင် အားလုံးပါဝင်စေမှုအတွက် သိသိသာသာ ရင်းနှီးမြှုပ်နှံခဲ့သည်။ ၂၀၁၃ခုနှစ်တွင် ယင်းအတွက် သီးသန့်လုပ်ကွက်တစ်ခုကို ဖွင့်လှစ်ခဲ့သည်။ ၂၀၁၄ခုနှစ်တွင် LIFTသည် ၎င်းအထောက်အပံ့ပေးလျက်ရှိသည့် အသေးစား ငွေကြေးဝန်ဆောင်သူများကို ချင်းပြည်နယ်ရှိ ဝေးလံခေါင်ဖျား ဒေသများ နှင့် ယခင်ကဘဏ်များဖွင့်လှစ်ခြင်းမရှိသေးသည့် အပူပိုင်းဇုန်ဒေသများသို့ ရောက်ရှိဝန်ဆောင်မှုပေးနိုင်ရန် ဆောင်ရွက်ခဲ့သည်။

အသေးစားငွေကြေးဆိုင်ရာ လုပ်ထုံးလုပ်နည်း မူဘောင်တစ်ရပ် ဖြစ်ထွန်းအောင် LIFTက ထောက်ပံ့နေပြီး ၂၀၁၄ခုနှစ်တွင် LIFTသည် မိတ်ဖက်၄ဦးနှင့်အတူ ရည်မှန်းထားသော နည်းပညာ သွင်းအားစုနှင့် အကြံပေးချက်များကို ပေးအပ်ခဲ့သည်။ အရေးအပါဆုံးသော ဆောင်ရွက်ချက်တို့မှာ UNCDF ၏ MAP (လက်လှမ်းမီစေမှု)စီမံချက်နှင့် ကမ္ဘာ့ဘဏ်၏ FIND (အမျိုးသားဖွံ့ဖြိုးတိုးတက်မှုအတွက် ငွေကြေးဆိုင်ရာတွင် အားလုံး ပါဝင်စေမှု) စီမံချက်တို့ဖြစ်သည်။

၂၀၁၄ခုနှစ် နှစ်ကုန်တွင် LIFTသည် အသေးစားငွေကြေးအဖွဲ့အစည်း၁၅ခုသို့ ဖွဲ့စည်းမှုဆိုင်ရာအထောက်အပံ့တို့ကို ပေးခဲ့သည်။ ယင်းတို့သည် မြန်မာနိုင်ငံရှိ အသေးစားငွေချေးသူအားလုံး၏ ၆၀%ဖြစ်သော လူပေါင်း ၇၂၈,၀၀၀ဦး တို့ကို ဝန်ဆောင်ပေးနေကြသည်။

### ၂၀၁၄ ခုနှစ်အထိ အသေးစားငွေကြေးလုပ်ငန်းအတွက် ဥပဒေမူဘောင်ဆိုင်ရာ နောက်ဆုံးသတင်းများ

- တစ်ကြိမ်ချေးငွေပမာဏမှာ ကျပ် ၅၀၀၀၀၀ မှ ကျပ် ၅ သန်းထိ တက်လာသည်။
- MFI/MFO များသည် ကျေးလက်ဒေသတွင် ချေးငွေ ၅၀% အနည်းဆုံးရှိရန် လိုအပ်သည်။
- MFI/MFO များသည် အကြွေးဆပ်နိုင်မှုအချိုးကို ၁၅%ထက် မနည်းစေရန်၊ ငွေလည်ပတ်မှုအချိုးကို ၃၀%ထက် မနည်းစေရန်၊ ချေးငွေနှင့် အရင်းအနှီး ၅း၁ထက် မငယ်စေရန် လိုအပ်သည်။
- ငွေကြေးဆိုင်ရာ အစီရင်ခံမှုလမ်းညွှန်ချက်အသစ်များတွင် ချေးငွေဆုံးရှုံးမှုဆိုင်ရာ သတ်မှတ်ချက်များ၊ စံသတ်မှတ်ထားသော ငွေစာရင်းဇယားများကို အသုံးပြုကာ ငွေကြေးဆိုင်ရာထုတ်ပြန်ချက်များအတွက် အသေးစိတ်ညွှန်ကြားချက်များ ပါဝင်သည်။
- ဒေသခံ MFO/MFI များကို ရင်းနှီးမြှုပ်နှံမှုရန်ပုံငွေအတွက် မြန်မာ့စီးပွားရေးဘဏ် MEB မှ ငွေချေးယူခွင့်ပြုထားသည်။
- နိုင်ငံတကာ MFO/MFI များကို နိုင်ငံတကာငွေကြေးအဖွဲ့အစည်းများထံမှ အများဆုံး ကန်ဒေါ်လာ ၃သန်းထိ ငွေချေးယူခွင့်ပြုထားသည်။
- အရင်းအနှီးအတွက် ငွေကြေးထုတ်ပေးခြင်းကို MFO/MFI များကို ခွင့်ပြုထားသည်။
- မိုဘိုင်းဖုန်းမှတဆင့် ငွေပေးချေခြင်းကို MFO/MFI များအားလုံးသို့ ခွင့်ပြုထားသည်။
- MFO/MFI များကို ချေးငွေအတွက် နှစ်စဉ်အတိုးနှုန်း ၃၀% အများဆုံး ချမှတ်ခွင့်ပြုထားသည်။
- MFO/MFI များကို အပ်ငွေ/စုငွေအတွက် နှစ်စဉ်အတိုးနှုန်း ၁၅% အနည်းဆုံး ချမှတ်ခွင့်ပြုထားသည်။



LIFT သည် လုပ်ကွက်ငယ်
လယ်သမားများကို ထောက်ပံ့ရန်
ရင်းနှီးမြှုပ်နှံမှု အမျိုးမျိုးကို
ဆောင်ရွက်နေသည်။

# ၂။ အားလုံးပါဝင်စေသော တန်းဖိုးကွင်းဆက်များ

LIFTသည် လုပ်ကွက်ငယ်လယ်သမားများကို နိုင်ငံတဝန်းတွင်  တန်းဖိုးကွင်းဆက်ဆိုင်ရာ အထောက်အပံ့များပေးနေသည်




အားလုံးပါဝင်သော ဈေးကွက်နှင့်ပတ်သက်၍ LIFTက ဆောင်ရွက်နေသည်မှာ လုပ်ကွက်ငယ်လယ်သမားတို့ကို အခွင့်အလမ်းများတိုးတက်စေမည့် လုပ်ကွက်ငယ် စိုက်ပျိုးရေးတွင် တိုက်ရိုက် သို့မဟုတ် သွယ်ဝိုက် ရင်းနှီးမြှုပ်နှံမှုများကို လှုံ့ဆော်ပေးမည့် ပုဂ္ဂလိကကဏ္ဍ ဖြစ်ထွန်းရေးပင်ဖြစ်သည်။ အဓိကအနေဖြင့် ကန်ထရိုက်လယ်ယာစနစ်အားဖြင့် လုပ်ကွက်ငယ် လယ်ယာများအား အဆင့်မီစိုက်ပျိုးရေးသွင်းအားများ ၊ စွမ်းဆောင်ရည်ရှိပြီး အပြိုင်အဆိုင်ရှိသည့်ငွေကြေး ဝန်ဆောင်မှုများ၊ အားထားရသည့်ဈေးကွက်များ၊ လုပ်ကွက်ငယ် လယ်သမားတို့ကို နည်းပညာဆိုင်ရာ အသိအမြင် တိုးပွားစေမည့် ဝန်ဆောင်မှုများစသည်တို့ကို လက်လှမ်းမီရန် လိုအပ်သည်။

၂၀၁၄ခုနှစ်တွင် LIFTသည် ရင်းနှီးမြှုပ်နှံမှုအမျိုးမျိုးတွင် အတန်အသင့် တိုးတက်မှု ရခဲ့သည်

- အစိုးရမျိုးစေ့သုတေသနကို ပုဂ္ဂလိကကဏ္ဍနှင့် လုပ်ကွက်ငယ်လယ်သမားတို့ဖြင့် စီးပွားဖြစ်ချိတ်ဆက်ပူးပေါင်းဆောင်ရွက်ခြင်း
- ပုဂ္ဂလိကကဏ္ဍနှင့် တိုက်ရိုက်ချိတ်ဆက်ထားသော လယ်သမားပိုင် စိုက်ပျိုးကုန်ထုတ်သမ/စီးပွားရေး လုပ်ငန်းပုံစံတစ်ခုကို တည်ဆောက်ပေးခြင်း
- လုပ်ကွက်ငယ်လယ်သမားများကို ပုဂ္ဂလိကကဏ္ဍ ရေသွင်း အခြေခံအဆောက်အအုံနှင့် ကန်ထရိုက် ချိတ်ဆက်မှုရရှိအောင် ဆောင်ရွက်ပေးခြင်း
- ရိက္ခာဖူလုံမှု၊ မျိုးကောင်းမျိုးသန့်၊ စိုက်ပျိုးရေးနည်းလမ်းကောင်းများဆိုင်ရာ အသိအမြင်နှင့်ကျွမ်းကျင်မှုတို့ကို လုပ်ကွက်ငယ် လယ်သမားတို့ ပိုမိုပြည့်ဝစေရန် ဆောင်ရွက်ပေးခြင်း

## တောင်ပိုင်းရှမ်းပြည်နယ်တွင် ဟင်းသီးဟင်းရွက်ကဏ္ဍကို တည်ဆောက်ခြင်း

LIFTသည် Mercy Corps၊ East West မျိုးစေ့ဖောင်ဒေးရှင်း၊ Swisscontact NGO တို့ပါဝင်သော ဟင်းသီးဟင်းရွက် စီမံချက်တစ်ခုကို ရန်ပုံငွေထောက်ပံ့ခဲ့သည်။  MercyCorpsက စုစည်းစည်းရုံးထားသော တောင်သူများကို East West ဖောင်ဒေးရှင်းက လေ့ကျင့်ပေးပြီး အရည်အသွေးကောင်းသွင်းအားစုများ (ဥပမာ - မျိုးစေ့)ကို လက်လှမ်းမီစေသည်။ ဤစီမံချက်သည် ဆောင်ရွက်စအခြေအနေတွင်ပင် အစိုးရ၊ ဖွံ့ဖြိုးရေးဆိုင်ရာအဖွဲ့အစည်းများ၊  ပြည်တွင်းပြည်ပ စီးပွားရေးမိတ်ဖက်များကို ပေါင်းစည်းပေးကာ ဟင်းသီးဟင်းရွက်ကဏ္ဍတွင် ဦးစားပေးရမည့် လုပ်ထုံးလုပ်နည်းနှင့် ဈေးကွက်အဆင့် ဆောင်ရွက်ချက်များကို ဖော်ထုတ်စေနိုင်ခဲ့သည်။



LIFTသည် အမျိုးသားလူမှု
ကာကွယ်စောင့်ရှောက်ရေး
မူဝါဒ မူဘောင်တစ်ရပ်
ပေါ်ထွန်းရန်
ထောက်ပံ့နေသည်။

# ၃။ လူမှုကာကွယ်စောင့်ရှောက်ရေး

လူမှုကာကွယ်စောင့်ရှောက်ရေးနှင့် စပ်လျဉ်းသော လုပ်ဆောင်ချက်များ သည် မြန်မာနိုင်ငံတွင် လူမှုကာကွယ်စောင့်ရှောက်မှု မူဝါဒမူဘောင်တစ်ရပ် မရှိသောကြောင့် တကွဲတပြားစီဖြစ်နေသည်။ LIFT၏ မိတ်ဖက်များ ဖြစ်သော SPPRG နှင့် HelpAgeတို့သည် ပို၍ထိရောက်သော မူဘောင်တစ်ရပ်ဖြစ်ပေါ်စေရန် အထောက်အကူပြုခဲ့ကြသည်–

- လူမှုကာကွယ်စောင့်ရှောက်ရေး မူဝါဒသုတေသနအဖွဲ့ SPPRG သည် လူမှုဝန်ထမ်းဦးစီးဌာန(DSW)နှင့် လက်တွဲကာ အမျိုးသား လူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာတစ်ရပ်ကိုပြုစုခဲ့ပြီး ၂၀၁၄ခုနှစ် ဒီဇင်ဘာလတွင် တင်ပြခဲ့သည်။ SPPRGသည် ပြည်နယ်/တိုင်းဒေသကြီး အဆင့်တွင်လည်း လုပ်ကိုင်လျက်ရှိသည်။ ရပ်ရွာလူထုဦးဆောင်သော လူမှုကာကွယ်စောင့်ရှောက်ရေးစီမံချက် ကို စစ်ကိုင်းတိုင်းရှိ ကျေးရွာ၅ရွာတွင် ဆောင်ရွက်ခဲ့သည်။ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရထံမှ ရရှိသော အရင်းအမြစ်တို့ကို ဝန်ဆောင်မှုပေးလျက်ရှိသော ရပ်ရွာအဖွဲ့အစည်းတို့နှင့် အောင်မြင်စွာ ချိတ်ဆက် ပေးခဲ့သည်။ ယင်းစီမံချက်ကို အခြားပြည်နယ် နှင့် တိုင်းတို့တွင်လည်း ဆောင်ရွက်ရန် DSWမှ တောင်းခံထားသည်။
- HelpAgeသည် လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာ ချထားရေးဝန်ကြီးဌာနကို အမျိုးသားကာကွယ်စောင့်ရှောက်ရေး နှင့် မဟာဗျူဟာအတွက် မူဘောင်တစ်ရပ် ရေးဆွဲရာတွင် နည်းပညာ အထောက်အကူပေးခဲ့သည်။ ယင်းမူဘောင်နှင့်မဟာဗျူဟာကို ဝန်ကြီးဌာနသည် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ဖွံ့ဖြိုးရေးမိတ်ဖက်များ၊ INGOများ၊ LNGOများတို့နှင့်တိုင်ပင်ကာ ဆက်လက်ပြုစုခဲ့သည်။ ကာလတို အမျိုးသားလူမှုကာကွယ်စောင့်ရှောက်ရေး မဟာဗျူဟာစီမံချက်ကို လူမှုကာကွယ်စောင့်ရှောက်ရေးလုပ်ငန်းကော်မတီက နိုဝင်ဘာလတွင် အတည် ပြုခဲ့ပြီး ပြည်ထောင်စုအစိုးရအဖွဲ့နှင့် နိုင်ငံတော်သမ္မတက အတည်ပြုပြီးနောက် ဒီဇင်ဘာလတွင် စတင်ခဲ့သည်။ ဒေသခံအဆင့်တွင် HelpAge နှင့် မိတ်ဖက် Reveal စီမံချက် ဆောင်ရွက်နေသော ရပ်ရွာစွမ်းဆောင်ရည်မြှင့်တင်မှုပုံစံနမူနာတစ်ခုကို ပြုစုခဲ့သည်။ အဆိုပါပုံစံသည် ရပ်ရွာလူထုက သတ်မှတ်လုပ်ဆောင်သွားမည့် ဆောင်ရွက်ချက်အသစ်များအတွက် ဌာနဆိုင်ရာများထံမှ ရန်ပုံငွေများကိုလည်း ထပ်မံရရှိခဲ့သည်။

## ဒေသတွင်းရ အစီအမံများ

HelpAge၏ ကျေးရွာဖွံ့ဖြိုးရေးနည်းစဉ်သည် အားလုံးပါဝင်စေမှုနှင့် ကျေးရွာအတွင်း စွမ်းဆောင်ရည်နှင့် ယုံကြည်မှုမြင့်တက်လာခြင်းတို့ကို အခြေခံသည်။ စီမံချက်ပြီးဆုံးချိန်တွင် ရွာသားများသည် စနစ်တကျလုပ်ဆောင်တတ်သည့် စွမ်းရည်ပိုမိုမြင့်မားလာကြောင်း ပြသခဲ့ကြသည်။ မလှိုင်မြို့နယ်ရှိ ကျေးရွာသုံးရွာတွင် နေ့ကလေးထိန်းဌာနများဖွင့်လှစ်ရန် အမျိုးသမီးများကိုခန့်အပ်နိုင်ခဲ့သည်။ နည်းပညာ ဆိုင်ရာကို လူမှုဝန်ထမ်းဦးစီးဌာနက ထောက်ပံ့ပြီး ကလေးထိန်းဆရာမများ၏ လစဉ်လစာအပါအဝင် ငွေကြေးအထောက်အပံ့ကို ကျေးလက်ဖွံ့ဖြိုးရေးကော်မတီ (VDC)တို့က ပေးအပ်ခဲ့သည်။

မလှိုင်မြို့နယ်အတွင်းရှိ VDCတိုင်း၏ နှစ်စဉ်စီမံချက်များတွင် သက်ကြီးရွယ်အိုများနှင့် မသန်စွမ်းသူများအတွက် ဆေးရုံသို့သွားသည့်ခရီးစရိတ်ကို ထောက်ပံ့မည့်ရန်ပုံငွေကို ထည့်သွင်းထားသည်။ VDC များသည် ပျိုးဥယျာဉ်စိုက်ခင်းများ ထူထောင်ထားကာ သစ်သီးနှင့်ဟင်းသီးဟင်းရွက်တို့ကို မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ အမျိုးသမီးဦးစီးသည့် အိမ်ထောင်စုများကို ထောက်ပံ့နေသည်။ လူများ၏ အဆိုပါအုပ်စုများအပေါ်ထားရှိသည့် သဘောထားအမြင်များလည်း သိသိသာသာ ပြောင်းလဲလာကာ ၎င်းတို့ဘဝများအဆင်ပြေရေး ကိုလည်း ပိုင်းဝန်းဆောင်ရွက်ပေးလာကြသည်။



LIFT သည် မြေယာလက်လှမ်း
မီမှု တန်းတူညီမျှရေးအတွက်
ထောက်ပံ့ ပေးနေသည်။

# ၄။ မြေယာလုပ်ပိုင်ခွင့် အာမခံ

မြေယာလုပ်ပိုင်ခွင့်ကိစ္စသည် မြန်မာနိုင်ငံတွင် အငြင်းပွားနေရဆဲ ကိစ္စတစ်ခုဖြစ်သည်။ ၂၀၁၄ခုနှစ် အောက်တိုဘာလတွင် အစိုးရသည် အမျိုးသားမြေအသုံးချမှုမူဝါဒ (NLUP)မူကြမ်းကို ထုတ်ပြန်ခဲ့ရာတွင် မျှော်မှန်းခဲ့သည်မှာ မြန်မာနိုင်ငံတွင် မြေယာနှင့်သက်ဆိုင်သော ဥပဒေအားလုံးကို ပေါင်းစပ်ညှိနှိုင်းပေးရန်၊ ၂၀၁၅ခုနှစ်အတွင်း မြေယာဥပဒေသစ်တစ်ရပ် ပေါ်ထွန်းရေးကို လမ်းညွှန်ပေးရန်ဖြစ်သည်။ ယင်းမူဝါဒကို နိုင်ငံတဝန်းလုံးတွင်အကြံများရယူကာ သုံးသပ်နေဆဲဖြစ်သည်။

ဤဆွေးနွေးပွဲများ၊ ငြင်းခုံပွဲများတွင် တုံ့ပြန်မှုအမျိုးမျိုးကို တွေ့ရသည်။ တစ်ဘက်တွင် မြေယာကဏ္ဍတွင် လုပ်ကွက်ငယ်လယ်သမားတို့၏ အကျိုးအတွက် ဝင်ရောက်ဆောင်ရွက်ခွင့်အသစ်များ ပေါ်ပေါက်ခဲ့သည်။ ကျန်တစ်ဘက်တွင်မူ အချို့CSOများ နိုင်ငံတကာမှအဖွဲ့အစည်းများက စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပုဂ္ဂလိကမြေယာ ပိုင်ဆိုင်မှုတို့ကို သိသာစွာ ဦးစားပေးထားခြင်းထက် လူမှုရေးတွင် မြေယာပါဝင်သော ကဏ္ဍနှင့် သာတူညီမျှစွာ လက်လှမ်းမီစေရန် လိုအပ်ချက်တို့ကို ဦးစားပေးကြသည်။ နိုင်ငံတကာမှ လမ်းညွှန်ချက်များကိုလည်း ယင်းတို့က ထပ်မံတောင်းခံခဲ့ကြသည်။ အထူးသဖြင့် အဓမ္မ မြေသိမ်းခံရခြင်းများကြောင့် ထိခိုက်နစ်နာသူတို့ကို လျော်ကြေးပေးခြင်းနှင့် ကြိုတင်တိုင်ပင်ဆွေးနွေးခြင်းဆိုင်ရာတို့နှင့် ပတ်သက်သည်များကို တောင်းခံခဲ့သည်။ မူကြမ်းထဲတွင် ရှင်းလင်းစွာဖေါ်ပြထားသော အစဉ်အလာ လယ်ယာလုပ်ပိုင်ခွင့်နှင့် ကျားမရေးရာကိစ္စရပ်တို့ကိုလည်း စိုးရိမ်မကင်းဖြစ်ခဲ့ခြင်းများလည်းရှိ သည်။

LIFTတွင် မြေယာကိစ္စနှင့် တိုက်ရိုက်ဆက်သွယ်နေသော စီမံချက်သုံးခုရှိသည်။ ကန့်သတ်ချက်များရှိနေသော်လည်း NLUP အသစ် ထွက်ပေါ်လာသောအခါတွင် ထိတွေ့ဆောင်ရွက်ခွင့် အခွင့်အလမ်းသစ်များရှိလာမည်ဟု LIFTက မျှော်လင့်သည်။ မြေယာသုံးစွဲခွင့်ကို အားလုံးကလက်လှမ်းမီစေရန်၊ မျှတစေရန်၊ စိတ်ချစေရန်၊ ပဋိပက္ခလျော့နည်းစေရန်၊ နောင်အတွက် သယံဇာတများကို ပိုမိုကာကွယ်နိုင်ရန်တို့အတွက် အစိုးရအား မည်သို့နည်းပညာ အထောက်အပံ့ပေးရမည်ကို LIFTက စဉ်းစားလျက်ရှိသည်။

UN-Habitat၏ မြေယာအုပ်ချုပ်ရေးနှင့်စီမံခန့်ခွဲရေးစီမံကိန်း (LAMP) သည် ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန (SLRD)သို့ မြို့နယ်နှစ်ခုတွင် မြေယာမှတ်ပုံတင်ရေး လုပ်ငန်းအသစ်ကို ရှေ့ပြေးလုပ်ကြည့်ရန် အတွက် နည်းပညာအထောက် အပံ့များပေးခဲ့သည်။ သာယာဝတီမြို့နယ်(ပဲခူးတိုင်း)မှ ကွင်း၂ကွင်းတွင် မြေပုံရေး ဆွဲနည်းအသစ်ကို အောင်မြင်စွာ စမ်းသပ်နိုင်ခဲ့သည်။ လက်တွေ့ကျကာ ထိရောက်သော မြေတိုင်းနည်း၊ မြေပုံရေးဆွဲနည်းတို့ကို စမ်းသပ်ခဲ့ရာတွင် GISစနစ်နှင့် ဂြိုဟ်တုဓာတ်ပုံများကို ပေါင်းစပ်ခြင်းလည်း ပါဝင်သည်။ (မန္တလေးတိုင်း) မြင်းခြံမြို့နယ်တွင်လည်း အလားတူ ထပ်မံဆောင်ရွက်ရန်ရှိသည်။

Land Core Group (LCG)သည် NLUPအကြံဉာဏ်ရယူခြင်းလုပ်ငန်းစဉ်တွင်အရေးပါသောအခန်းကဏ္ဍမှပါဝင်ခဲ့သည်။ယင်းသည်မြေယာနှင့်သက်ဆိုင်သော စစ်တမ်းအချို့ကို ဦးဆောင်ပြုလုပ်ခဲ့သည်။ အထူးသဖြင့် ချင်းနှင့် ရှမ်းပြည်နယ် တို့တွင်ရှိသော စုပေါင်းမြေယာ ပိုင်ဆိုင်ခွင့်နှင့် Trocaire မှ ကောက်ယူသည့် မြေယာနှင့် ကျားမရေးရာ စစ်တမ်းတို့တွင်ဖြစ်သည်။ LCGသည် ရေရှည်သုတေသနလုပ်ငန်းတစ်ခုတွင် ပါဝင်ဆောင်ရွက်နေသည်။ ယင်းမှာ ကွက်စိပ်ပူးပေါင်းဆောင်ရွက်မှု သုတေသန ဖြစ်၍ နိုင်ငံတကာလူမှုရေးသိပ္ပံဌာနက ဦးစီးဆောင်ရွက်နေသည်။ ရည်ရွယ်ချက်မှာ ရာသီဥတုပြောင်းလဲမှုဒဏ်ကို လျှော့ချရေးမှုများနှင့် မြေယာအသိမ်းခံရမှုများ၊ ပဋိပက္ခများ မည်သို့ ဆက်စပ်ဖြစ်ပေါ်နေသည်ကို လေ့လာရန်ဖြစ်သည်။ LCGသည် ၂၀၁၄ခုနှစ်မတ်လတွင် ရန်ကုန်၌ကျင်းပသော အာဆီယံပြည်သူ့ဖိုရမ်တွင် မြေယာအသိမ်းခံရပုံကို ပါဝင်မျှဝေပေးရန် လယ်သမား၄၀ကို ထောက်ပံ့ခဲ့သည်။ မြေယာမှတ်ပုံတင်ရေးလုပ်ငန်းစဉ်များ၊ သက်ဆိုင်သောဥပဒေများအကြောင်း ပညာပေးစာစောင်ကို တိုင်းရင်းသားဘာသာ၆မျိုး (ကချင်၊ ကယား၊ ကရင်၊ ချင်း၊ မွန်၊ ရှမ်း)တို့ဖြင့် ဘာသာပြန်ခဲ့သည်။ ထို့ပြင် မြန်မာနိုင်ငံ၏ စိုက်ပျိုးစီးပွားနှင့်၊ သစ်တောဆိုင်ရာ သတင်းအချက်အလက်များကို မျှဝေပေးနေသည့် အွန်လိုင်းသတင်း အချက်အလက်ဘဏ် MyLAFF ကိုလည်း LCGက စီမံခန့်ခွဲနေသည်။

GRET၏ မြန်မာနိုင်ငံ၏မူဝါဒဆွေးနွေးပွဲများတွင် သေသေချာချာ ပါဝင်နိုင်ရန်အတွက် ကျေးလက်မြေယာ ကိစ္စများကို နားလည်ခြင်းဟူသော စစ်တမ်းတွင် အပူပိုင်းဇုန်နှင့် မြစ်ဝကျွန်းပေါ်ဒေသတို့၌ ဖြစ်ပေါ်နေသော မြေယာကိစ္စတို့၏ ဇာစ်မြစ်သည် ပထဝီအနေအထားကိုလိုက်၍ခြားနားကြောင်း ဖော်ပြထားသည်။ LIFTသည် နိုင်ငံ၏မြေယာစနစ်ထွေပြားမှုများကို ဆက်လက်စူးစမ်းရန်နှင့် မူဝါဒချမှတ်သူတို့အား ပိုမိုသိရှိသတင်းပေးနိုင်ရန်အတွက် တောင်တန်းဒေသ လုပ်ကွက်နေရာအသစ်များနှင့် အပူပိုင်းဇုန်၏ အခြားနေရာတို့တွင်ပါ စစ်တမ်း ကို တိုးချဲ့ခဲ့သည်။



LIFT သည် အမျိုးသမီးများနှင့်
ကလေးများ၏ အာဟာရ
တိုးမြှင့်မှုအတွက်
အလေးပေးဆောင်ရွက်သည်။

# ၅။ အာဟာရဆိုင်ရာ

LIFT၏ မဟာဗျူဟာအသစ်တွင် အာဟာရကောင်းမွန်မှုကို အကျိုးရလဒ်လေးခုအနက် တစ်ခုအဖြစ် ဦးစားပေးထားသည်။ ၂၀၁၀ခုနှစ်မှစ၍ LIFTကရန်ပုံငွေထောက်ပံ့ထားသော စီမံချက်များက အထောက်အကူပြုခဲ့သော အိမ်ထောင်စု ၁၀၀၀၀၀ခန့် တို့သည် အစားအစာကို တိုးမြှင့်စားသုံးနိုင်/အမည် စုံစွာစားသုံးနိုင်ကြပြီ ဖြစ်သည်။

LIFTသည် လမ်းနှစ်သွယ်ကို လိုက်၍ ဆောင်ရွက်သည့်နည်းကို သုံးမည်ဖြစ်သည်_

- LIFTသည် အာဟာရမပြည့်ဝမှုကို လျော့နည်းစေရန် အင်တိုက်အားတိုက် ဆောင်ရွက်ခြင်း(LEARN) စီမံချက်ကို ရန်ပုံငွေထောက်ပံ့ကာ LIFT၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သောစီမံချက်တိုင်း၌ အာဟာရကို အလေးထားစေရန် ဆောင်ရွက်ခဲ့သည်။ LEARNသည် LIFT၏မိတ်ဖက်များကို အာဟာရအလေးထား သင်တန်းများ၊ စီမံချက် ပုံစံရေးဆွဲရာတွင် နည်းပညာအထောက်အပံ့နှင့် သွင်းအားစုတို့ကို ထောက်ပံ့ရုံ သာမက အသိအမြင်တိုးပွားရေးလှုပ်ရှားများကိုပါ လုပ်ဆောင်ခဲ့သည်။ LEARNသည် ရိက္ခာဖူလုံရေး၏ အဓိကမဏ္ဍိုင်သုံးခုဖြစ်သော စားနပ်ရိက္ခာရနိုင်မှု၊ လက်လှမ်းမီမှု၊ စားသုံးမှုတို့ကို ခြုံငုံပါဝင်သော နည်းလမ်းကို အသိပညာပေးဆောင်ရွက်နေသည်။

အာဟာရကောင်းမွန်မှုကို အာဟာရဦးစားပေးတိုက်ရိုက်စီမံချက်များဖြင့် တိုက်ရိုက်ဆောင်ရွက် လျက်ရှိသည်။ ဥပမာ

- မိတ်ဘက် ADRAနှင့် ActionAid သည်ယင်းတို့၏ အသက်မွေးပညာသင်တန်းများတွင် အာဟာရ အသိအမြင်ဆိုင်ရာ ဘာသာရပ်ကို ထည့်သွင်းသည်။
- CESVIသည် ရှမ်းပြည်မြောက်ပိုင်းတွင် အာဟာရဆိုင်ရာ ပညာပေးနှင့် ကျောင်းဥယျာဉ်တို့ကို ထောက်ပံ့ပေးသည်။
- BetterLife အဖွဲ့အစည်းသည် ရခိုင်ရှိ ငါးလုပ်ငန်းနှင့် ငါးမွေးမြူရေးရပ်ရွာတို့တွင် ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်တို့အား ငါးမစားစေရန် တားမြစ်ထားသောထုံးစံကို စိန်ခေါ်ရန် ဆောင်ရွက်ချက်ရှိသည်။
- AVSIနှင့်မေတ္တာတို့သည် ယင်းတို့၏ အဓိက သီးနှံထုတ်လုပ်ရေး လုပ်ဆောင်ချက်ကို တိုးချဲ့ပြီး အာဟာရပညာပေးရေးနှင့် အိမ်ခြံတွင်းဟင်းသီးဟင်းရွက်စိုက်ခင်း လုပ်ဆောင်ချက်များနှင့် ပေါင်းစပ် ပေးခဲ့သည်။




### သတင်စကား ဖြန့်ဝေခြင်း

LIFTနှင့်မိတ်ဖက် LEARNတို့သည် အမျိုးသားအာဟာရဖွံ့ဖြိုးမှုနှင့် သုတေသနဌာနနှင့်အတူ ကလေး သန္ဓေသားဘဝမှ နှစ်နှစ်မြောက် မွေးနေ့အထိ ရက်၁၀၀၀ အတွင်း စားသုံးရသော အာဟာရကောင်းမွန်ရန် အရေးပါပုံကို ပညာပေး လှုံ့ဆော်သည့် ဗီဒီယို အစီအစဉ်တိုလေးတစ်ခုကို ထုတ်လုပ်ခဲ့ကြသည်။ယင်းကို LIFTမိတ်ဖက်များနှင့် အစိုးရ ရုပ်သံ ရေဒီယိုတို့တဆင့် အသိပညာပေးထုတ်လွှင့်လျက်ရှိသည်။



လယ်သမားတို့သည်
ရာသီဥတုပြောင်းလဲမှုထက်
အမြဲတမ်းခြေတစ်လှမ်း
သာအောင် အသိအမြင်သစ်နှင့်
နည်းပညာတို့ကကူညီနေသည်။

# ၆။ ရာသီဥတုပြောင်းလဲမှု

LIFT ၏ မဟာဗျူဟာအသစ်တွင် လူများ၏ ခြောက်ခြားရမှု၊ ဖိစီးမှု၊ ၎င်းတို့ကို ထိခိုက်သော အခြေအနေစသည်တို့နှင့် ရင်ဆိုင်ရပါက ကြံ့ကြံ့ခံနိုင်သည့်စွမ်းရည်ကို မြှင့်တင်နိုင်ရန် ဦးစားပေးသတ်မှတ်ထားသည်။ ကြံ့ကြံ့ခံနိုင်မည့် စိုက်ပျိုးရေး စနစ်များ တည်ဆောက်နိုင်ရေးအတွက် ထောက်ပံ့ရန်၊ လယ်ယာပြင်ပလုပ်ငန်းများဖြင့် အခြားဝင်ငွေများရရှိရေးကို ကူညီရန်၊ ဘေးအန္တရာယ်လျော့ပါးစေရေးကို တိုးချဲ့မြှုပ်နှံရန် လယ်သမားများကို ထောက်ပံ့ခြင်းဖြင့် LIFTသည် ရာသီဥတု ပြောင်းလဲမှုနှင့် လိုက်လျောစွာနေထိုင်ရေးကို ၂၀၁၄ခုနှစ်တွင် စတင်ဆောင်ရွက်မည်ဖြစ်ပါသည်။

LIFTသည် လယ်သမားများအတွက် တိုးချဲ့ဝန်ဆောင်မှု စီမံချက်အချို့ကိုရန်ပုံငွေထောက်ပံ့ခဲ့ရာတွင် လုပ်ကွက်ငယ် လယ်သမားတို့အား သင်တန်းများ၊ ဆန်းသစ်သော နည်းပညာများကို လက်လှမ်းမီစေခြင်းဖြင့် ဝင်ငွေတိုးပွားကာ ရာသီဥတုပြောင်းလဲမှုထက် အမြဲတမ်း ခြေတစ်လှမ်းသာ နေစေခဲ့သည်။ မိတ်ဖက် Proximity Designs အဖွဲ့၏(FAS) လယ်ယာအကြံပေးအဖွဲ့သည် ဧရာဝတီမြစ်ဝကျွန်းပေါ် ရေချိုရေငန်စပ်နေရာများတွင် သီးထပ်စပါးကို စိုက်ပျိုးနိုင်အောင် ဆောင်ရွက်ခဲ့ပြီး လယ်သမားတို့၏ ဝင်ငွေကို နှစ်ဆတိုးစေခဲ့သည်။

အပူပိုင်းဇုန်၏ မိုးခေါင်ရေရှားမှုများသည် မြစ်ဝကျွန်းပေါ်ဒေသ သို့လည်း ဆက်စပ်သက်ရောက်မှုရှိသည်။ နွေရာသီတွင် မြစ်ရေနည်းလာသဖြင့် ပင်လယ်ရေတက်လာကာ လယ်ယာမြေကို ထိခိုက်စေသည်။ ဆားငန်ဒဏ်ကို မခံနိုင်သော စပါး သီးနှံကို မြစ်ရေတင်ကာ စိုက်ပျိုးပါက ပျက်စီးဆုံးရှုံးမည် ဖြစ်သည်။ ထို့ကြောင့် FASအဖွဲ့သည် သက်တမ်းတိုသော စပါးမျိုးကို စောစောစိုက်ပျိုးစေကာ ပို၍သက်တမ်းတိုသော စပါးမျိုးကို သီးထပ်စိုက်စေခြင်းဖြင့် ရေငန်တိုးမဝင်မီ စပါး နှစ်သီးစလုံးကို စိုက်ပျိုးနိုင်စေသည်။ အဓိကအချက်မှာ ရေငန်အဝင်အနည်းဆုံးဖြစ်သော ရေသေရက်များတွင် မြစ်ရေတင်ရန် ဖြစ်သည်။ FASသည် လွယ်ကူသော လဆန်းလဆုတ်ရက်ဇယားဖြင့် ရေတင်နိုင်ရန် ပြုစုခဲ့သည်။

ယခုအခါ လယ်သမား၁၀၀၀ကျော်သည် ဤနည်းဖြင့် စပါးနှစ်သီးကို စိုက်ပျိုးနေကြသည်။ ဤနည်းကို မြစ်ဝကျွန်းပေါ်ကျန်ဒေသများတွင် လည်း အတုယူစိုက်ပျိုးနိုင်သည်။ LIFTမှ ရန်ပုံငွေထောက်ပံ့ပေး နေသော အသေးစားငွေကြေးလုပ်ငန်းများထံမှ ချေးငွေကို လယ်သမားများအား သီးထပ်စိုက်ပျိုးရန် စရိတ်အဖြစ် ပေးအပ်လျက်ရှိသည်။

အပူပိုင်းဇုန်တွင်လည်း ရေပေးရေးစနစ်များ အောင်မြင်ခဲ့သည်။ သောက်သုံးရေနှင့်စိုက်ပျိုးရေ အမြဲတမ်းပြတ်လပ်နေသော ကျေးရွာများတွင် TdHအဖွဲ့သည် လွယ်ကူ၍စရိတ်သက်သာသော မြေမဲ့စိုက်ပျိုးနည်းနှင့် ရေအစက်ချစိုက်ပျိုးနည်းကို မိတ်ဆက်ပေးကာ ဟင်းသီး ဟင်းရွက်နှင့် သစ်သီးများကို စိုက်ပျိုးစေနိုင်ခဲ့သည်။ ဤနည်းများသည် သာမာရိုးကျနည်းများထက် ရေ ၇၀% လျော့၍ သုံးစွဲနိုင်သည်။ ဤစနစ်များကို ရေဆင်းစိုက်ပျိုးရေး တက္ကသိုလ်၏ သင်ရိုးညွှန်းတမ်းများတွင်လည်း ထည့်သွင်း ထားသည်။ အပူပိုင်းဇုန်ဒေသ၏ ဝေးလံခေါင်ဖျားသော နေရာဒေသများတွင် အာဟာရပြည့်ဝသော ဟင်းသီးဟင်းရွက် များကို စားသုံးနိုင်ကြပြီ ဖြစ်သည်။



ယခင်က ပလပ်မြေများတွင် သီးထပ်စပါးကို စိုက်နေကြပြီဖြစ်သည်။



LIFTသည် အမျိုးသမီးများ၏ အဆင့်အတန်းတိုးတက်စေရန် ဒေသအဆင့်တွင်သာမက နိုင်ငံတော်အဆင့်တွင်ပါ ဆောင်ရွက်လျက်ရှိသည်။

# ၇။ ကျား/မတန်းတူညီမျှမှု

LIFTကျားမရေးရာ မဟာဗျူဟာ(၂၀၁၂)မှာ မြန်မာယဉ်ကျေးမှုနှင့်လူမျိုးစုထွေပြားမှုမည်သို့ရှိသော်လည်း LIFT၏ ရန်ပုံငွေထောက်ပံ့သော စီမံချက်တိုင်းတွင် ကျားမရေးရာ တွင်တန်းတူညီမျှမှုကို ပေါင်းစပ်ရန်ဖြစ်သည်။ နည်းပညာ၊ ချေးငွေ၊ သင်တန်း စသည်တို့တွင် ညီမျှစွာလက်လှမ်းမီမှုကို မုချဖြစ်စေရန် LIFTက စိတ်နှစ်ထားပါသည်။ ကျားမရေးရာကို သတိမူသော အပြောအဆိုကို လုပ်ဆောင်မှုတိုင်းတွင် သုံးစွဲစေသည်။ ထို့ပြင် စီမံကိန်းတိုင်းတွင် ကျားမ မခွဲခြားပဲ ကောက်ယူသော ကိန်းဂဏန်း အချက်အလက်များကိုသာ လက်ခံသည်။ ၂၀၁၅ခုနှစ် တွင် ကျားမရေးရာ မဟာဗျူဟာကို အသစ်ပြန်မွမ်းမံမည် ဖြစ်သည်။

အမျိုးသားအဆင့်တွင် LIFTသည် GENနှင့်အတူ အမျိုးသမီး အကျိုးပြုမူဝါဒများကို ပြုစုရာတွင် ကူညီနေသည်_

• လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေး၊ ပြန်လည်နေရာချထားရေး ဝန်ကြီးဌာနသို့ GEN၏ အသိပေးဆွေးနွေး တင်ပြမှု၏ အောင်မြင်မှုကြောင့် GEN PoVAW ဥပဒေလုပ်ငန်းအဖွဲ့သည် အမျိုးသမီးများအား အကြမ်းဖက်ခြင်းမှ ကာကွယ်သည့်ဥပဒေမူကြမ်း(PoVAW) ကို အောင်မြင်စွာပြုစုပြီး ရှေ့နေချုပ်ရုံးသို့ ၂၀၁၅ခုနှစ် နှစ်ဆန်းတွင် တင်ပြခဲ့သည်။

• GENသည် တိတ်တိတ်နေခြင်း၏ နောက်ကွယ် -အမျိုးသမီးများအားအကြမ်းဖက်ခြင်းနှင့် သူတို့၏ ကြံ့ခံနိုင်စွမ်း ဟူသော စစ်တမ်းကိုအခြေခံကာ မူဝါဒအကျဉ်းချုပ် တစ်စောင်ကို ပြုစုခဲ့သည်။ ယင်းတွင် PoVAW ဥပဒေကို ဆွေးနွေးမည့် အဖိုးတန် အထောက်အထားများ ပါဝင်သည်။

• ကျားမရေးရာနှင့် ပတ်ဝန်းကျင်ဆိုင်ရာလုပ်ငန်းအုပ်စုသည် ကျားမရေးရာတွင် တန်းတူညီမျှမှုနှင့် သက်ဆိုင်သော အစီရင်ခံ စာတစ်စောင်ကို အမျိုးသားမြေအသုံးချမှုမူဝါဒ (NLUP) မူကြမ်း တွင် ထည့်သွင်းရန် မြေယာအသုံးချရေးနှင့် စစ်ဆေးရေးကော်မတီသို့ တင်ပြခဲ့သည်။ ယင်းတွင် NLUPကို ကျားမရေးရာဥပဒေအမြင်ဖြင့် သုံးသပ်ချက်ပါဝင်ပြီး ကျေးလက်နေ အမျိုးသမီးတို့ ရင်ဆိုင်နေရသော မြေယာ လက်လှမ်းမီခွင့်၊ ထိန်းချုပ်ခွင့်၊ အကျိုးခံစားခွင့်တို့အား ဟန့်တားမှုများကို အဓိက သုတေသနပြုထားသည်။

• အစိုးရ၏ တောင်းဆိုမှုအရ GENသည် အမျိုးသမီးများဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အမျိုးသားအဆင့်လုပ်ငန်း စီမံချက် (NSPAW)ဆိုင်ရာ သင်တန်းများပေးခဲ့သည်။ GENသည် အစိုးရ၏ အမျိုးသမီးများအား နည်းမျိုးစုံဖြင့် ခွဲခြားဆက်ဆံမှု ပပျောက်ရေး သဘောတူစာချုပ်(CEDAW) သို့လည်း နည်းပညာ ဆိုင်ရာ အကူအညီများ ပေးအပ်ခဲ့သည်။

## အမျိုးသမီးများသည်



# မဟာဗျူဟာအသစ်ကို ထိရောက်စွာ အကောင်အထည်ဖော်ရန် အတွက် LIFTသည် မိမိ၏ ဆုံးဖြတ်ချက် ချမှတ်မှု နှင့် အုပ်ချုပ်မှုတို့ကို ပိုမိုကောင်းမွန်အောင် ဆောင်ရွက်ခဲ့သည်။


၂၀၁၄ခုနှစ်နှစ်ဆန်းတွင် FMO ၊ FB ၊ DC တို့၏ လုပ်ငန်းတာဝန်များကို ပြန်လည်သုံးသပ်ခဲ့သည်။ ၂၀၁၅ခုနှစ်တွင် ဝန်ကြီးဌာနများ၊ ပုဂ္ဂလိကလုပ်ငန်းများ၊ အရပ်ဘက်အဖွဲ့အစည်းများမှ ကိုယ်စား လှယ်များ ပါဝင်သည့် အစိုးရကဦးဆောင်မည့် အထက်တန်း အတိုင်ပင်ခံ အုပ်စုတစ်ခုကို ထူထောင်မည် ဖြစ်သည်။ ထိုအုပ်စုသည် ရန်ပုံငွေဘုတ်အဖွဲ့ကို မဟာဗျူဟာဆိုင်ရာ ဦးစားပေးများကို အကြံပေးခြင်း၊ LIFT၏ လုပ်ငန်းအကောင်အထည်ဖော်မှုနှင့် အရည်အသွေးတို့ကို သုံးသပ်ခြင်း၊ LIFTက ကြုံတွေ့ရမည့် အကြပ်အတည်းများနှင့် ယင်းတို့ကို လျော့ပါးအောင် ရန်ပုံငွေဘုတ်အဖွဲ့သို့ အကြံပေးခြင်းတို့ကို ဆောင်ရွက်မည် ဖြစ်သည်။



## ဘဏ္ဍာရေး

LIFTသည် ငွေကြေးထောက်ပံ့မှုအသစ်များကို စည်းရုံးခဲ့သည်။ ၂၀၁၄ခုနှစ်တွင် အလှူရှင်တစ်ဦး (အီတလီ) ပါဝင်လာသဖြင့် အလှူရှင်စုစုပေါင်းမှာ ၁၂ဦးရှိသွားပြီဖြစ်သည်။ လက်ရှိအလှူရှင်အချို့ ကလည်း ထပ်မံထောက်ပံ့ ခဲ့ကြသည်။

## စုစုပေါင်းအသုံးစရိတ် ကန်ဒေါ်လာသန်းဖြင့်





မူဝါဒအတွက် အချက်အလက်ပေးအပ်ခြင်း



တီထွင်ဆန်းသစ်ခြင်း



ဈေးကွက်ဖြစ်ထွန်းစေခြင်း



ငွေကြေးထောက်ပံ့ခြင်း



မိတ်ဖက်ဖွဲ့ခြင်း



သင်တန်းပေးခြင်း

THE LIVELIHOODS AND FOOD SECURITY TRUST FUND

UNOPS Fund Management Office
12(O) Pyi Thu Lane, 7 Mile, Mayangone Township, Yangon, Myanmar
Phone: +95 1 65 7280~87, Fax: +95 1 65 72 79
Email: lift@unops.org
lift-fund.org | facebook.com/liftfund| twitter.com/liftfund